မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄၄)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ အင်္ဂါနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွှန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုအကျိုးအတွက် ထပ်မံဖိတ်ခေါ်ချက်

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်ချက်အရ နိုင်ငံတော်၏စေတနာအမှန်ကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သော PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အဖွဲ့ဝင်များအား မိဘများထံအပ်နှံပြီးဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သည့် မဲစာရင်းမှားယွင်းမှုများအတွက် အောက်ပါတို့ကိုဆောင်ရွက်ပေးရန် မေတ္တာရပ်ခံတောင်းဆိုမှုများအပေါ် ငြင်းပယ်ခဲ့ပြီး ပြဿနာဖြစ်ပွားနေသည့် ရွေးကောက်ပွဲရလဒ်ဖြင့်ပင် လွှတ်တော်ခေါ်ယူရန် အတင်းအဓမ္မကြိုးပမ်းခဲ့မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးပမ်းမှုပင်ဖြစ်သည်-

(က) မဲစာရင်းမှားယွင်းမှုများနှင့် မဲမသမာမှုများကို စိစစ်တွေ့ရှိရသဖြင့် ဖြေရှင်းပေးရန်တောင်းဆိုမှုကိုငြင်းဆန်ခဲ့ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးအားခေါ်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုမှုကိုငြင်းပယ်ခဲ့ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က နည်းလမ်းရှာဆောင်ရွက်ပေးရန် တောင်းဆိုမှုကိုငြင်းပယ်ခဲ့ခြင်း၊

(ဃ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင်တင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးမှုမရှိခြင်း။

ထိုသို့လုပ်ဆောင်မှုများသည် မဲမသမာမှုများရှိခဲ့၍သာ ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းမရှိသည်ကို ပေါ်လွင်စေခဲ့သည့်အပြင် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန်ကြိုးပမ်းမှုတွင် ထိုစဉ်က နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပါဝင်ပတ်သက်မှုရှိခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသည့်တာဝန်အရမဟုတ်သည့် ပုဂ္ဂလိကပြစ်မှုကျူးလွန်မှုများရှိခဲ့၍ အရေးယူခံရသည့်အချိန်လည်းဖြစ်ခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယာယီသမ္မတက အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် မဲမသမာမှုများကို စိစစ်ဖော်ထုတ်၍ လွှတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခဲ့သည်ကို ပြည်တွင်း ပြည်ပက အထင်အမြင်လွဲမှားအောင် တပ်မတော်က ဒီမိုကရေစီကို နောက်ပြန်ဆွဲသယောင် ဝါဒမှိုင်းတိုက်ကာ ၎င်းတို့သာ ရွေးကောက်ခံအစိုးရအဖြစ် ပုံဖော်လျက် CRPH, NUG တို့ကို တရားမဝင်ဖွဲ့စည်းခဲ့ကြပြီး ပြည်သူလူထုနှင့် လူငယ်လူရွယ်များကို လွဲမှားသည့်မျှော်လင့်ချက်များပေးကာ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့ တွန်းပို့ခဲ့သည်။ CRPH, NUG တို့သည် PDF အမည်ခံအဖွဲ့များကိုဖွဲ့စည်းကာ လက်နက်၊ ခဲယမ်းရရှိရေးအတွက် အချို့သော EAO များလက်အောက်သို့သွတ်သွင်းခဲ့ပြီး အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း၊ နယ်မြေကျူးကျော်ခဲ့ထွင်ခြင်းများအတွက် PDF များကို လက်ကိုင်တုတ်အဖြစ်အသုံးပြုစေကာ PDF တို့၏ဘဝများကို စတေးခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် **စာမျက်နှာ ၇ ကော်လံ ၁ ●**

ဆောင်းပါး

အကြောင်းစုံလို့ အကျိုးစုံမည်..... တိုးတက်ဝေစည်တို့မြန်ပြည်..... စာ - ၅ သို့

ခိုင်မာသောဖွဲ့စည်းမှု မွန်မြတ်သောတာဝန် မှန်ကန်သောရပ်တည်ချက်တို့ဖြင့် စာ - ၁၃ သို့

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ စာ - ၁၆ သို့

စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲနှင့် စာအုပ်စာစောင်များပြသခြင်း ဆောင်ရွက် စာ - ၁၀ သို့





အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၉ ရက်)

လူငယ်မျိုးဆက်များထူးချွန်ထက်မြက်နေစေရေး

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို " နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေး၊ အမျိုးသားမဟာဗျူဟာနှင့်ပတ်သက်သည့် အခြေခံဗဟုသုတများရရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် လူမှုဆက်ဆံရေးကျွမ်းကျင်မှုအရည်အချင်းများမြှင့်တင်ရန်၊ ဖိုရမ်တွင် အပြန်အလှန်ဆွေးနွေးပြောဆိုမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနှီးနှောမှုနှင့်ပြည်သူ့နီတိထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရန်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပေါ်လာမည့်အနာဂတ်လမ်းကြောင်းများကို လူငယ်များကိုယ်တိုင်ရှုမြင်အဆိုပြုနိုင်စွမ်းမြှင့်တင်ရန်နှင့် အနာဂတ်တွင်ဆောင်ရွက်ကြမည့် အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာအဆင့်လုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့်ဖိုရမ်ဆင်းလူငယ်ကွန်ရက်ကိုဖန်တီးပေးရန်"ဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် ရန်ကုန်မြို့ ကွန်ဗင်းရှင်းစင်တာ(MCC)၌ ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၁ ရက်အထိကျင်းပခဲ့သည်။

ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏လူသားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံ၏အနာဂတ်ခေါင်းဆောင်များလည်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်စွမ်းအားစုတစ်ရပ်လုံးသည် နိုင်ငံတော်၏အနာဂတ်များဖြစ်သည်ဟု ယုံကြည်တန်ဖိုးထားသည့်အတွက် လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ခေတ်နှင့်အညီချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ အကြောင်းကြောင်းကြောင့် လမ်းမှားရောက်ပြီး အနာဂတ်ပျောက်ဆုံးနေသည့်လူငယ်လူရွယ်များကို မိဘနှင့်သားသမီးကဲ့သို့သဘောထားကာ လမ်းကြောင်းမှန်ကိုပြန်လည်ရောက်ရှိစေရေးနှင့် လူငယ်များ၏ဘဝတိုးတက်ရေးအတွက် နည်းလမ်းများရှာဖွေဖော်ဆောင်ပေးလျက်ရှိသည်။

လူငယ်အင်အားစုများသည် စိတ်ဓာတ်နှင့်အတွေးအခေါ်မြင့်မားသူများ၊ စွမ်းရည်ထက်မြက်သူများ၊ ရိုးသားဖြောင့်မတ်မှန်ကန်သူများဖြစ်ကြမှသာ နိုင်ငံကိုတိုးတက်ကောင်းမွန်အောင်တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ နည်းပညာများသည် တစ်နေ့တခြားတိုးတက်နေသလို ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခင်းအကျင်းများသည် အမြဲမပြတ်ရွေ့လျားပြောင်းလဲလျက်ရှိသည်။ ယခုအချိန်သည် လူငယ်များကို "အနာဂတ်၏ခေါင်းဆောင်များ" ဆိုသည့် စကားလုံးတစ်လုံးနှင့်မလုံလောက်တော့၍ပိုမိုလေးနက်အဓိပ္ပာယ်ပေါင်းများစွာပြည့်ဝသော **"လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်"** ဆောင်ပုဒ်ဖြင့် ဖိုရမ်ကိုကျင်းပခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် "လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်" ဆိုသည့်သဘောတရားကို ခိုင်ခိုင်မာမာယုံကြည်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ဗဟလါးတန်ဖိုးဖြိုးတိုးတက်ရေးကို နိုင်ငံတော်၏ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ်သတ်မှတ်ပြီး နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် မိမိတို့ဘဝအတွက်သာမက နိုင်ငံနှင့်ပြည်သူအတွက်ပါအကျိုးရှိစေမည့် ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းနှင့်ပြဿနာများကိုဖြေရှင်းနိုင်စွမ်းများရှိလာစေရန်အတွက် လေ့ကျင့်သင်ယူထားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပထဝီနိုင်ငံရေးနှင့်ဗဟုဝင်ရိုးကမ္ဘာအကြောင်းများ၊ ပြောင်းလဲနေသည့်ကမ္ဘာနှင့် မြန်မာ့ပထဝီနိုင်ငံရေးအခြေအနေ၊ မြန်မာနိုင်ငံနှင့် ပထဝီစီးပွားရေးမဟာဗျူဟာကို နားလည်စေရန်အတွက် ပြောင်းလဲနေသည့်ကမ္ဘာနှင့် မြန်မာ့ပထဝီစီးပွားရေးအကြောင်းများ၊ ဗဟုဝင်ရိုးကမ္ဘာအကြောင်းများကို ပြည်ပပညာရှင်များက ရှုထောင့်ပေါင်းစုံမှဆွေးနွေးပြောကြားကြသည့်အတွက် စနစ်တကျလေ့လာမှတ်သားသင်ယူကြရသည်။

လူငယ်ဆိုသည်မှာ လူဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုကြရသည့် လူစွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သည်။ ခေတ်စနစ်များကိုမည်သို့ပင်ဖြတ်သန်းကြရပါစေ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးပိုင်းနှင့် ကိုယ်စွမ်းကိုယ်စအပိုင်းများတွင် ထူးချွန်ထက်မြက်နေကြရမည်ဖြစ်သည်။ ထိုသို့ထူးချွန်ထက်မြက်ရန် လူငယ်များ၏ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးအပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် နိုင်ငံတော်အစိုးရကဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

လူငယ်မဟာဗျူဟာဖိုရမ်မှ မျှော်မှန်းထားသည့်ရလဒ်ခြောက်ခုရှိသည်။ ယင်းတို့မှာ လူငယ်များကို မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်မှုနှင့်ကမ္ဘာလုံးဆိုင်ရာသတိမပြတ်မှုများလေ့ကျင့်ပေးနိုင်ခြင်း၊ ဖိုရမ်တွင်ပညာရှင်များနှင့် လိုက်ပါဆွေးနွေးရင်း တက်ရောက်သူလူငယ်များအနေဖြင့် မိမိတို့၏အတွေးအမြင်များ၊ စိတ်ကူးစိတ်သန်းများနှင့် အနာဂတ်စီမံကိန်းများအပေါ် အဆိုပြုပေးနိုင်ခြင်း၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် "မြန်မာလူငယ်ကြေညာစာတမ်း-၂၀၄၀ (Youth Declaration for Myanmar 2040)" တစ်ခုကို ပူးတွဲထုတ်ပြန်နိုင်ခြင်း၊ ဖိုရမ်တက်ရောက်လာကြသည့် လူငယ်အချင်းချင်းထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် လူငယ်ကွန်ရက်တစ်ခုရရှိလာနိုင်ခြင်း၊ အဆင့်မြင့်ခေါင်းဆောင်မှုသင်တန်းများနှင့်အသိပညာပေးဝေမှုများကို ဆက်လက်ဆောင်ရွက်၍ လူငယ်များ၏လုပ်နိုင်စွမ်းကိုမြှင့်တင်နိုင်ခြင်း၊ လာမည့်ရွေးကောက်ပွဲအောင်မြင်ရေးအတွက် လူငယ်များတက်ကြွစွာပါဝင်လာစေခြင်းတို့ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ့အနာဂတ်အတွက် အပြည့်အဝအားကိုးရသောလူငယ်များဖြစ်ပါစေကြောင်း ဆန္ဒပြုလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

တောင်ကြီး စက်တင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရုံးကွက်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ စက်တင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ရွက်မှုဗီဒီယိုကို ပြသသည်။

ယင်းနောက် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ကျောင်းသူများက "အနာဂတ်မြော်တွေး စဉ်ဆက်ပညာရေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တက်ရောက်လာကြသူများက ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ပညာရေးပြခန်းအား လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။ **(၄၀၅)**

ပညာရည်ချွန်ဆုပေးပွဲကျင်းပ

မြိတ် စက်တင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သဘွတ်ကျေးရွာအုပ်စု သဘွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလ ၇ ရက် မွန်းလွဲပိုင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအုပ်ပွဲအခမ်းအနား ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ သဘွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြိတ်ဆရာသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ဆုဝင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် မိဘဆရာအသင်းဝင်များက KG တန်းမှ Grade- 12 အထိ အတန်းလိုက်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ထူးချွန်ဆုများကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် အထက်တန်းကျောင်းသား၊ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ"တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်းသိရသည်။ **(၄၁၂)**

သင်္ဃ(FM)အသံလွှင့်အစီအစဉ်

၉-၉-၂၀၂၅(အင်္ဂါနေ့)

၁။	၀၈:၀၀	နှလုံးသား၀ယ် ဘုရားတည်	၄။	၁၆:၀၀	တပ်မတော်စာတိုက်ခန်း
၂။	၁၁:၅၀	လှပကျန်းမာ	၅။	၁၇:၀၀	ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၃။	၁၄:၅၀	Speech On Air	၆။	၂၁:၂၀	Memory Box

MWD Education, Knowledge & Sports Channel

၉-၉-၂၀၂၅(အင်္ဂါနေ့)

၁။	၀၇:၀၀ - ၀၈:၂၀	Grade - 4	မြန်မာစာ၊ အင်္ဂလိပ်စာ
၂။	၁၅:၃၀ - ၁၆:၄၀	Grade - 4	သချိုင်း၊ လူမှုရေး၊ သိပ္ပံ
၃။	၁၆:၄၀ - ၁၇:၃၀	Grade - 5	မြန်မာစာ၊ အင်္ဂလိပ်စာ
၄။	၁၇:၃၀ - ၁၉:၀၀	Grade - 5	သချိုင်း၊ လူမှုရေး၊ သိပ္ပံ

မြဝတီ ခနဉ်စံ Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၉၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၀၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဖေဖော်လ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ဘားအံမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

ဘားအံ စက်တင်ဘာ ၈

ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့ဆောင်ပုဒ်ဖြင့် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၈ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာ၊ ဆရာမများက စာတတ်မြောက်ရေး ဝိုင်းကူပေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စာတတ်မြောက်ရေးအတွက် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံအလိုက် တစ်မျိုးသားလုံးစာတတ်မြောက်ရေးအတွက် တစ်မျိုးသားလုံးက အမျိုးသားရေးတာဝန်အဖြစ် အမျိုးသားရေးခံယူချက်ဖြင့် သန္ဓိဌာန်ခိုင်ခိုင်မာမာချမှတ်ပြီး ၂၁ ရာစုအတွင်း စာမတတ်သူပပျောက်၍ စာတတ်သူများဖြစ်လာအောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြပြီး တက်ရောက်လာသူများနှင့်အတူ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ပေးပို့လာသော စာတတ်မြောက်ရေး လှုပ်ရှားမှုမှတ်တမ်း Video ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆုရကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများ



ကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားကာ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ဆုရစာစီစာကုံး၊ ကဗျာနှင့် ပန်းချီလက်ရာများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမက်ထရစ်တန် တစ်သိန်းကျော်တင်ပို့နိုင်



ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန်တစ်သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဩဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပြည်ပကို ငါးတင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၁၀၈၇၃၃ ဒသမ ၂၇၄ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၈၅၉ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါငါးလတာကာလအတွင်းပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၅၇၈၁၉ ဒသမ ၁၇၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၅၈ သန်းရရှိ၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၅၀၉၁၄ ဒသမ ၀၉၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၃၁ သန်းရရှိသည့်အတွက် စုစုပေါင်းငါးမက်ထရစ်တန် ၁၀၈၇၃၃ ဒသမ ၂၇၄ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၈၅၉ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ငါးအပါအဝင် ၁၂၇ ဒသမ ၈၅၉ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါငါးလတာကာလအတွင်းပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၅၇၈၁၉ ဒသမ ၁၇၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၅၈ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၅၀၉၁၄ ဒသမ ၀၉၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၃၁ သန်းရရှိသည့်အတွက် စုစုပေါင်းငါးမက်ထရစ်တန် ၁၀၈၇၃၃ ဒသမ ၂၇၄ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၈၅၉ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ငါးအပါအဝင် တခြားရေထွက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ရေထွက်ကုန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၁၅၃၉၂၆ ဒသမ ၃၃၉ တန်တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့မှုရှိကြောင်း သိရသည်။

စောယု

စစ်ကိုင်းခရိုင်အတွင်း ယခုနှစ်တွင် မိုးသီးနှံဧကခြောက်သိန်းခန့် စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် ဧကသုံးသိန်းခန့် စိုက်ပျိုးပြီးစီး

စစ်ကိုင်း စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်း ယခုနှစ်တွင် မိုးသီးနှံဧကခြောက်သိန်းခန့် စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် ဧကသုံးသိန်းခန့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ သီးနှံများ အထွက်နှုန်းကောင်းမွန်ပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန်နှင့် လျာထား စိုက်ဧကများပြည့်မီစေရန် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မိုးသီးနှံစိုက်ပျိုးသောတောင်သူများအနေဖြင့်လည်း မိုးလေဝသကောင်းမွန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေကြကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်အနေနဲ့ ဒီနှစ်မှာ မိုးသီးနှံဧကခြောက်သိန်းလောက် စိုက်ပျိုးဖို့လျာထားပြီး လက်ရှိအချိန်ထိ ဧကသုံးသိန်းဝန်းကျင် စိုက်ပျိုးပြီးစီးပြီဖြစ်တဲ့အတွက် ၅၀ ရာခိုင်နှုန်းနီးပါး စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ရာသီအကုန်မှာ မိုးသီးနှံအားလုံး စိုက်ပျိုးပြီးစီးနိုင်ပါတယ်။ ဒီနှစ်က အရင်နှစ်ထက် မိုးရွာတဲ့ရက်နဲ့ မိုးရေချိန်လက်မပိုများတဲ့အတွက် မိုးသီးနှံတွေ အလားအလာကောင်းမွန်ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းကပြောသည်။

စစ်ကိုင်းခရိုင်၌ သီးနှံအုပ်စုကြီးခြောက်အုပ်စုဖြစ်သော စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဝါ၊ စားဖိုဆောင်သီးနှံနှင့် တခြားသီးနှံများကို စိုက်ပျိုးကြပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန် ရည်မှန်းထားသော အဓိကသီးနှံ ၁၀ မျိုးရှိကာ ယင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်း၍ အလေးထားဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် စစ်ကိုင်းခရိုင်အတွင်း မိုးစပါးဧက ၄၀၀၀၀ ကျော်၊ ပဲမျိုးစုံဧက ၁၇၀၀၀၀ ကျော်၊ ဆီထွက်သီးနှံဧက ၁၀၀၀၀၀ ကျော်၊ ဝါဧက ၄၀၀၀၀ ကျော်၊ စားဖိုဆောင်သီးနှံဧက ၃၆၀၀ ကျော်နှင့် တခြားသီးနှံဧက ၂၃၀၀၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး



တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ဆဋ္ဌမကဏ္ဍ
(တစ်သက်တာနိဂုံးချုပ်)
စာပေအရေးအသား

ကျွန်ုပ်သည် စာအုပ်တွင် အမည်ပေးထားသည့်အတိုင်း ကျွန်ုပ်၏ တစ်သက်တာအဖြစ်အပျက်များနှင့် အတွေးအခေါ်များ ရောညှပ်ကာ ရေးသားတင်ပြခဲ့ရာ နိဂုံးချုပ်အနေဖြင့်မူ ကျွန်ုပ်၏အတွေးအခေါ်နှင့် အယူအဆများသက်သက်ကိုသာ ဖော်ပြရန်ကျန်ပါတော့သည်။ ကလောင်ဖြင့် အသက်မွေးသည့် စာရေးဆရာတစ်ယောက် လုပ်တော့မည်ကြံလျှင် တတ်နိုင်သမျှ စာများများဖတ်ခြင်းသည် မရှိမဖြစ်သော အင်္ဂါရပ်တစ်ခုဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ တချို့စာရေးဆရာများက "ကျွန်တော်တို့တော့ စာများများမဖတ်ဖူးပေါင်" ဟု ထုတ်ဖော်ပြောဆိုခြင်းကို ကြားရဖူးရာ ပျင်းရိသောအနေဖြင့် ဝန်ခံခြင်းဖြစ်လျှင်ပင် ဆိုးရွားလှလေပြီ။ ထိုကဲ့သို့မဟုတ်မူ၍ စာဖတ်ဖို့မလို၊ သူကိုယ်တိုင် စာမဖတ်ဘဲ စာရေးဆရာတစ်ယောက်ဖြစ်လျက်ရှိသည်ဟု ပြောလိုခြင်းဖြစ်ပါမူကား အလွန့်အလွန်ဆိုးရွားသည်ဟု ဆိုသင့်သည်။ စာရေးဆရာမဟုတ်သူများအဖို့မှာ စာဖတ်ခြင်းသည် ဗဟုသုတအလို့ငှာဖြစ်သည်ဟု ဆိုနိုင်သော်လည်း စာရေးဆရာများအဖို့မှာ စာရေးပုံရေးနည်းလေ့လာရန်အတွက်ပါ ဖတ်ရှုလေ့လာကြရပေမည်။

ကျွန်ုပ်၏ စံနမူနာဆရာ

အထက်တွင် ဝန်ခံခဲ့ဖူးသည့်အတိုင်း (တတ်နိုင်လျှင်) ကျွန်ုပ်သည် အင်္ဂလိပ်လို စာရေးဆရာတစ်ယောက်ဖြစ်ဖို့ ရည်မှန်းချက်ထားဖူးသည့် အလျောက် အင်္ဂလိပ်ဘာသာ၌ စံတင်လောက်သည်ဆိုသည့် စာအုပ်ကြီးများ (Classics) ကို ဖတ်ရှုခဲ့၍ မြန်မာစာပေဘက်တွင် လေ့လာမှုနည်းပါးခဲ့ပါသည်။ ထိုစာအုပ်များမှာ (ဝတ္ထုများသော်လည်း) ဝတ္ထုချည်းမဟုတ်၊ အရေးအသားကောင်းလှသည်ဟု နာမည်ကျော်ကြားလျက်ရှိသော စာအုပ်များကို ရွေးချယ်ဖတ်ရှုခဲ့၏။ တချို့လူများသည် အရေးအသားကောင်းသောစာပေမျိုးကို တွေ့ရသော်လည်း ကောင်းလှသည်ဟူ၍ အမှတ်မထင် သာမန်ကာလျှံကာ ဖတ်ရှုတတ်၏။ တချို့မှာ အရေးအသားကောင်းခြင်း၊ မကောင်းခြင်းမျှကိုပင် ခွဲခြားမသိတတ်ဘဲ (စာရေးဆရာများလည်းပါသည်။) စာအားလုံးအတူတူဖြစ်သည်ဟု မှတ်ထင်သည့် အလား အပြေးအလွှားဖတ်တတ်ကြ၏။ ကျွန်ုပ်၏ ပါရမီတစ်ခုမှာကား လုံးဝစာမရေးတတ်သေးမီကပင် အရေးအသားကောင်းသည့်စာဆိုပါက ပီတိသောမနဿဖြစ်တတ်ပါသည်။ အင်္ဂလိပ်စာအုပ်များအနက် ရေးဟန်ကောင်းလှသည်ဟု (ထိုစဉ်က) နာမည်ကြီးလှသော လော့ဒ် မကွေ်ာလေး၏စာတမ်းများ (Essays) ကို ဖတ်ရှုရသည့်အခါ သူ၏ဝါကျတည်ဆောက်ပုံ သပ်ရပ်ကျစ်လျစ်ပြေပြစ်ခြင်းနှင့် အချက်ကျအောင် ရေးတတ်ခြင်း၊ ချောမွေ့လှပခြင်း၊ ခံ့ညားအောင်ရေးတတ်ခြင်းတို့ကို တွေ့ရ၍ ကျောထဲ၌ ကြက်သီးတဖြန်းဖြန်းထသည့်တိုင်အောင် အရသာပေါ်ထွက်လာပါသည်။ သူ၏ဝါကျများသည် ပွတ်သမား၏ပွတ်စင်မှ ထွက်လာသည့် ဂျင်ကလေးသဖွယ် ချောမွတ်သေသပ်လှသောကြောင့် တချို့ကို ကျွန်ုပ်အာဂုံဆောင်လေ့ရှိ၏။ ကျွန်ုပ်သည် စာဖတ်ခြင်းအလုပ်၌ အတော်ဝါရင့်လာသောအခါမှ သူ၏စာအုပ်များကို ဖတ်ရှုခြင်းဖြစ်၍ ဤပုဂ္ဂိုလ်များ၏စကားသည် မြန်မာစာအရေးအသားနှင့်ပတ်သက်၍ ကျွန်ုပ်အဖို့ ဆင်ခြင်သုံးသပ်စရာများ ဖြစ်ပေါ်လာစေပါသည်။ ထို့နောက် ဆရာတော်နှင့် ကျွန်ုပ်သည် ဇာတ်ကြီးဆယ်ဘွဲ့ကို စီကုံးနှန်းဖွဲ့သည့် ဦးသြဘာသနှင့်ဦးပုညတို့အကြောင်းများကို ဆက်လက်ဆွေးနွေးကြရာ ဆရာတော်က ဦးပုည၏ဝါကျအကြောင်းကိုမေးသည်နှင့် ကျွန်ုပ်က "ဦးပုညကတော့ ဝါကျမှာ ဒါလောက်မဟုတ်ပါဘုရား၊ သူက စကားလုံးပြောင်တဲ့ဘက်က စွမ်းတဲ့ပုဂ္ဂိုလ်ဖြစ်ပါသည်" ဟု ကျွန်ုပ်က လျှောက်ထားသဖြင့် ဆရာတော်ကလည်း သဘောတူလက်ခံတော်မူသည်။

"တချို့လူများသည် အရေးအသားကောင်းသော စာပေမျိုးကို တွေ့ရသော်လည်း ကောင်းလှသည်ဟူ၍ အမှတ်မထင် သာမန်ကာလျှံကာ ဖတ်ရှုတတ်၏။ တချို့မှာ အရေးအသားကောင်းခြင်း၊ မကောင်းခြင်းမျှကိုပင် ခွဲခြားမသိတတ်ဘဲ (စာရေးဆရာများလည်းပါသည်။) စာအားလုံးအတူတူဖြစ်သည်ဟု မှတ်ထင်သည့် အလား အပြေးအလွှားဖတ်တတ်ကြ၏။ ကျွန်ုပ်၏ ပါရမီတစ်ခုမှာကား လုံးဝစာမရေးတတ်သေးမီကပင် အရေးအသားကောင်းသည့်စာဆိုပါက ပီတိသောမနဿဖြစ်တတ်ပါသည်။"

ဓာတ်ခံအတော်ကောင်းလျက်ရှိသည်ဖြစ်သောကြောင့် သူ၏စာရေးပုံရေးနည်းများသည် ကျွန်ုပ်၏စိတ်ထဲသို့ စိမ့်၍စိမ့်၍ဝင်သွားသည်ဟု ထင်မိပါသည်။ သူ၏စာများကို သုံးနှစ်ခန့် တစ်ဆက်တည်းဖတ်ရှုလာသည့်အခါ ကျွန်ုပ်သည် မကွေ်ာလေး၏ဝါကျတည်ဆောက်ပုံကို တမင်တကာအတုခိုးရသည်မဟုတ်ဘဲ မကြာခဏ ပီတိဖြစ်ရခြင်းအတွက်ကြောင့် တဖြည်းဖြည်း တစိမ့်စိမ့် ဝင်၍ဝင်၍သွားသည်ဟု ထင်ပါသည်။ သို့ဖြစ်၍ လော့ဒ်မကွေ်ာလေး၏စာများကို ကျွန်ုပ်နှင့်အတူ နှစ်သက်သဘောကျသော သူငယ်ချင်းမောင်ရိုက "မင်းက မကွေ်ာလေးစတိုင်မျိုး ဆန်ဆန်ဖြစ်လာပါပြီကော" ဟု ချီးကျူးပြောဆိုရာ ကျွန်ုပ်အလွန်တရာ ကျေနပ်မိသည်။

အင်္ဂလိပ်နှင့်ပါဠိ

ကျွန်ုပ်စာရေးဆရာဖြစ်၍ မြန်မာလို စာရေးရသောအခါ ကျွန်ုပ်၏ ဝါကျများသည် (မောင်ရီပြောဖူးသည့်အတိုင်း) မကွေ်ာလေးဆန်ဆန် ဖြစ်နေပုံရ၏။ တစ်နေ့သ၌ အမျိုးသမီးစာရေးဆရာ ခင်မျိုးချစ်၏ခင်ပွန်းကိုခင်မောင်လတ်က စကားစပ်မိ၍ ပြောဖူးသည်မှာ "အစိုးရဘာသာပြန်ဘက်မှာ ကျွန်တော်လုပ်ခဲ့ရဖူးတုန်းက ဆရာကြီးရဲ့ သူရိယခေါင်းကြီးတွေကို ကျွန်တော်က အင်္ဂလိပ်လိုပြန်ပြီး အထက်အရာရှိကြီးများထံတွင် ပြရပါတယ်။ သူများစာတွေနဲ့မတူဘူး၊ ဆရာကြီးရဲ့ခေါင်းကြီးတွေကို အင်္ဂလိပ်လိုပြန်ရတာ သိပ်လွယ်တယ်၊ တစ်ခါတည်း ချောမွတ်သွားတာပဲ" ဟု ပြောဖူးလေသည်။ အခါတစ်ပါး၌လည်း မြန်မာကျမ်းပြုဆရာများအနက်တွင် ထင်ရှားကျော်စောသော ဆရာတော်ကြီးတစ်ပါးက "ဝါကျတည်ဆောက်ပုံနဲ့ပတ်သက်လို့ မြန်မာမှာ သိပ်ပြီးစည်းကမ်းစနစ်မရှိကြဘူး၊ ဒကာကြီးက အင်္ဂလိပ်စာမှ ရလာခဲ့တယ်၊ ဘုန်းကြီးက ပါဠိမှ ရလာခဲ့တယ်၊ တစ်မျိုးစီနေရာကျတာပဲ" ဟု မိန့်တော်မူဖူးလေသည်။

**"ဒီလက်ထက်မှာတော့ ဦးသြဘာသလို မြန်မာစာစကားပြေ အရေးကောင်းတဲ့ပုဂ္ဂိုလ်မျိုး မပေါ်လာတော့ဘူးထင်ပါတယ်" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က "ဦးသြဘာသက ဘာအရေးကောင်းတာလဲ" ဟု မေးလိုက်ရာ အမျိုးသမီးမျက်နှာပျက်သွား၏။ ကျွန်ုပ်ဆိုလိုသောအဓိပ္ပာယ်ကို နားလည်ဟန်မတူချေ။ ကျွန်ုပ်၏ဝါသနာမှာ ဤသို့သော လှန့်လုံးကလေးများနှင့် ပြောချင်တတ်ပေရာ တချို့လူများသည် ကျွန်ုပ်၏စကားအဓိပ္ပာယ်ကို ကျနစွာနားမဆင်ကြဘဲ "ရွှေဥဒေါင်းကြီးက ဦးသြဘာသ ရေးတဲ့စာတွေ မကောင်းဘူးဆိုပါကလား" စသည်ဖြင့် အလွဲလွဲအချော်ချော် ပြောချင်တတ်ကြလေသည်။ ကျွန်ုပ်ဆိုလိုသောအဓိပ္ပာယ်မှာ ဘာသာစကားတစ်ခုတည်း၌ပင် စာအမျိုးမျိုးရှိ၍ သူ့စာနှင့်သူ ကောင်းအောင်ရေးတတ်သူအမျိုးမျိုးရှိခြင်းကို ဆိုလိုပေသည်။ စာအမျိုးမျိုးဆိုရာ၌ ဦးသြဘာသရေးသည့် ဇာတ်ကြီးဆယ်ဘွဲ့ အစရှိသောစာမျိုး၊ မိတ်ဆွေအချင်းချင်းပေးသည့်စာမျိုး၊ သတင်းစာခေါင်းကြီးပိုင်းမျိုး စသည်တို့ ရှိကြလေသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် စာပေးစာယူ အပြန်အလှန်ရေးကြသည့် ပေးစာမျိုးကို ရေးကြီးခွင့်ကျယ်လုပ်၍ စာအုပ်ရိုက်နှိပ်ခြင်းနည်းပါးသော်လည်း (သားသမီးများထံသို့ လူထုဦးလှရေးသည့် စာတစ်အုပ်တွေ့ရဖူး၏) လောကီမှုရေးရာ၌ ထွန်းကားလျက်ရှိသော အနောက်တိုင်းပြည်များ၌မူ အဆိုပါစာမျိုးကို သူတစ်ပါးထက်ကောင်း အောင်ရေးတတ်၍ ဤရေးနည်းမျိုးဖြင့် ကမ္ဘာကျော်ကြားသည့် စာရေးဆရာများပင် ရှိကြလေသည်။

စာအမျိုးမျိုး

စာရေးရာ၌ ကောင်းပုံကောင်းနည်းအမျိုးမျိုးရှိသည့်အနက် အမျိုးသမီးစာရေးဆရာတစ်ယောက်နှင့် ကျွန်ုပ်ဆွေးနွေးဖူးရာတွင် သူက "ဒီလက်ထက်မှာတော့ ဦးသြဘာသလို မြန်မာစာစကားပြေ အရေးကောင်းတဲ့ပုဂ္ဂိုလ်မျိုး မပေါ်လာတော့ဘူးထင်ပါတယ်" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က "ဦးသြဘာသက ဘာအရေးကောင်းတာလဲ" ဟု မေးလိုက်ရာ အမျိုးသမီးမျက်နှာပျက်သွား၏။ ကျွန်ုပ်ဆိုလိုသောအဓိပ္ပာယ်ကို နားလည်ဟန်မတူချေ။ ကျွန်ုပ်၏ဝါသနာမှာ ဤသို့သော လှန့်လုံးကလေးများနှင့် ပြောချင်တတ်ပေရာ တချို့လူများသည် ကျွန်ုပ်၏စကားအဓိပ္ပာယ်ကို ကျနစွာနားမဆင်ကြဘဲ "ရွှေဥဒေါင်းကြီးက ဦးသြဘာသ ရေးတဲ့စာတွေ မကောင်းဘူးဆိုပါကလား" စသည်ဖြင့် အလွဲလွဲအချော်ချော် ပြောချင်တတ်ကြလေသည်။ ကျွန်ုပ်ဆိုလိုသောအဓိပ္ပာယ်မှာ ဘာသာစကားတစ်ခုတည်း၌ပင် စာအမျိုးမျိုးရှိ၍ သူ့စာနှင့်သူ ကောင်းအောင်ရေးတတ်သူအမျိုးမျိုးရှိခြင်းကို ဆိုလိုပေသည်။ စာအမျိုးမျိုးဆိုရာ၌ ဦးသြဘာသရေးသည့် ဇာတ်ကြီးဆယ်ဘွဲ့ အစရှိသောစာမျိုး၊ မိတ်ဆွေအချင်းချင်းပေးသည့်စာမျိုး၊ သတင်းစာခေါင်းကြီးပိုင်းမျိုး စသည်တို့ ရှိကြလေသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် စာပေးစာယူ အပြန်အလှန်ရေးကြသည့် ပေးစာမျိုးကို ရေးကြီးခွင့်ကျယ်လုပ်၍ စာအုပ်ရိုက်နှိပ်ခြင်းနည်းပါးသော်လည်း (သားသမီးများထံသို့ လူထုဦးလှရေးသည့် စာတစ်အုပ်တွေ့ရဖူး၏) လောကီမှုရေးရာ၌ ထွန်းကားလျက်ရှိသော အနောက်တိုင်းပြည်များ၌မူ အဆိုပါစာမျိုးကို သူတစ်ပါးထက်ကောင်း အောင်ရေးတတ်၍ ဤရေးနည်းမျိုးဖြင့် ကမ္ဘာကျော်ကြားသည့် စာရေးဆရာများပင် ရှိကြလေသည်။

ဦးသြဘာသကောင်းပုံ

တစ်ဖန် စကားပြေရေးခြင်းတူသော်လည်း ဤခေတ်တွင် သတင်းစာခေါင်းကြီးများနှင့်ဆောင်းပါးများ ရေးနည်းဟူ၍ တစ်မျိုးတစ်ဖုံပေါ်လာပြန်၏။ ကျွန်ုပ်သည် ဦးသြဘာသ၏ဇာတ်ကြီးဆယ်ဘွဲ့ကို စီကုံးနှန်းဖွဲ့ခြင်းနှင့်ပတ်သက်၍ သူမတူအောင်ကောင်းခြင်းကို ဝန်ခံပါသည်။ သူ၏ရေးနည်းမျိုးမှာ ကာရန်ကလေးမလွတ်စေဘဲ အချိတ်အဆက်ကလေးတွေနှင့် ဟပ်ခါဟပ်ခါရေးထားခြင်းဖြစ်သောကြောင့် အသံထုတ်၍ ဖတ်လိုက်သောအခါ၌ အလွန်ချောမောပြေပြစ်ခြင်းရှိသည်ကို တွေ့ရ၏။ ဤခေတ် စာဖတ်ပရိသတ်ကမူ စာလုံးပေါင်း ၁၀ လုံးကျော် ၁၂ လုံးတွင်မှ အလျဉ်းသင့်သလို တစ်ချက်တစ်ချက်စပ်ဟပ်ထားသည့် ကာရန်ကလေးများကို သတိပြုမိကောင်းမှ ပြုမိကြပေလိမ့်မည်။

ဆက်လက်ဖော်ပြပါမည်။

ဘိုကလေးမြို့နယ်၌ စာဖတ်ရှုန်မြှင့်တင်ရေး စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကျင်းပ

ဘိုကလေး စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုန်မြှင့်တင်ရေး၊ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို စက်တင်ဘာလ ၈ ရက်တွင် အခြေခံပညာမူလတန်းလွန်ကျောင်း (ဓမ္မာရုံ) ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က စာဖတ်ခြင်းကြောင့်ရရှိလာနိုင်သည့် ရလဒ်ကောင်းများ၊ စာပေဖတ်ရှုလေ့လာနိုင်ရေး တိုက်တွန်းမှုများ စသောစာဖတ်ရှုန်မြှင့်တင်ရေးဆိုင်ရာများ ဟောပြောပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းအေးက ဆိုးဆေးအန္တရာယ်များအကြောင်းနှင့် သက်တမ်းလွန်အစားအသောက်များ၊ အန္တရာယ်ရှိသောအစားအစာများကို ဝယ်ယူစားသုံးမှုမရှိစေရေးအတွက် အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကဏ္ဍစုံအသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာပေများ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အခြေခံပညာမူလတန်းလွန်ကျောင်း (ဓမ္မာရုံ) မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

အကြောင်းစုံလို့ အကျိုးစုံမည်..... တိုးတက်ဝေစည် တို့မြန်ပြည်.....

ထက်မြတ်

"မိသားစု စည်းလုံးညီညွတ်ပါက ကောင်းကျိုးချမ်းသာရရှိမည်" ဆိုတဲ့ ဆိုရိုးစကားတစ်ခုကို ကြားဖူးပါတယ်။ တရုတ်လူမျိုးများရဲ့ ဆိုရိုးစကားပါ။ သူ့ကို အရိုးရှင်းဆုံးအဓိပ္ပာယ်ဖွင့်ဆိုရလျှင်မိသားစုအတွင်း စည်းလုံးညီညွတ်မှုသည် အောင်မြင်မှုအတွက် အုတ်မြစ်ဖြစ်တယ်လို့ဆိုရမှာပါ။ သူနဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ချင်း အလားသဏ္ဌာန်တူတဲ့ မြန်မာဆိုရိုးစကားတစ်ခုလည်းရှိပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ကလေးဘဝကတည်းက ကြားခဲ့ရတာပါ။ "စုပေါင်းညီညာအောင်ကြောင်းဖြာ" ဆိုတဲ့ ဆိုရိုးစကားပါပဲ။

ကျွန်တော်တို့ရဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားဆုံးမမှုတစ်ခုကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်းကြားဖူးကြမှာပါ။ "အကြောင်းကြောင့် အကျိုးဖြစ်တယ်" ဆိုတဲ့စကားပါ။ အဓိပ္ပာယ်ကဖြစ်တည်နေသမျှ၊ ဖြစ်ပေါ်လာသမျှ အရာအားလုံးက အကျိုးဖြစ်ပြီး ဒီအကျိုးကိုဖြစ်ပေါ်စေတာကအကြောင်းဖြစ်တာကြောင့် အကြောင်းနဲ့လွတ်ကင်းတဲ့အကျိုးမရှိဘူး၊ အကျိုးမဖြစ်တဲ့အကြောင်းဆိုတာလည်း မရှိဘူးလို့ သံဃာတော်များတစ်ဆင့် ပြန်လည်ဟောကြားပေးတဲ့တရားတော်တွေကနေတစ်ဆင့် နာယူမှတ်သားထားဖူးပါတယ်။ ဒါကြောင့်အပေါ်ကဆိုရိုးစကားကို ပြန်လည်သုံးသပ်ကြည့်ရင် အောင်မြင်မှုဆိုတာက အကျိုးဆိုရင် စည်းလုံးညီညွတ်မှုက အကြောင်းဖြစ်ပါလိမ့်မယ်။

အခုလက်ရှိမှာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စည်းလုံးညီညွတ်မှုလို့ ဝန်ပိုးကြီးတစ်ခုမဟုတ်ပါဘူး။ အခုလည်း မြန်မာ့တပ်မတော်က နေရာအစုံမှာ အောပွဲတွေဆွတ်ခူးနေတယ်ဆိုတဲ့သတင်းတွေကို ကြားသိမြင်တွေ့နေရပါတယ်။

ဒါဆိုရင် ဘာကြောင့်စည်းလုံးညီညွတ်မှု အကြောင်း ပြောရတာလဲဆိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှု၊ လက်တွဲဆောင်ရွက်မှုအစရှိတဲ့ ပူးပေါင်းလုပ်ဆောင်မှုတွေမှာ စည်းလုံးညီညွတ်မှုရှိလာတာကို အဓိကပြောချင်တာဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်ရဲ့ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးစီးတဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ပြုလုပ်တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထဲမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံမဖြစ်သေးပေမယ့် ၂၀၂၃ ခုနှစ်မှာ ဆွေးနွေးဖက်နိုင်ငံအဖြစ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။





ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဆိုတာ "ရှန်ဟိုင်းစိတ်ဓာတ်" ကိုအခြေခံပြီးဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုပါ။ "ရှန်ဟိုင်းစိတ်ဓာတ်" ဆိုတာ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးပြုမှု၊ တန်းတူညီမျှမှု၊ ညှိနှိုင်းတိုင်ပင်မှု၊ ယဉ်ကျေးမှုမတူညီတဲ့အပေါ် လေးစားမှုနဲ့ ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ဆောင်ရွက်မှုတို့ဖြစ်ပါတယ်။ တကယ်တော့ "ရှန်ဟိုင်းစိတ်ဓာတ်" ဆိုတာ မိသားစုဝင်များမှသည် နိုင်ငံများကြားလိုက်နာစောင့်ထိန်း ကျင့်ကြံသင့်တဲ့ အခြေခံမူများပါပဲ။ ဒီမူတွေကိုအခြေခံခြင်းအားဖြင့် မိသားစုအတွင်းမှာဆိုရင်လည်း အောင်မြင်မှုများရရှိမှာဖြစ်သလို နိုင်ငံများပေါင်းစည်းထားတဲ့ အဖွဲ့အစည်းအတွင်းမှာလည်း အောင်မြင်မှုများရရှိကာ ထိုမှ တစ်ဆင့် ဒေသတွင်းအောင်မြင်မှုနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အောင်မြင်မှုတို့ကိုပါ ရရှိလာစေနိုင်မှာပါ။ ပြောရမယ်ဆိုရင် "ရှန်ဟိုင်းစိတ်ဓာတ်" ကိုအခြေခံထားတဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဆိုတာ နောင်အနာဂတ်မှာ အောင်မြင်ဖို့အလားအလာအရှိဆုံး နိုင်ငံပေါင်းစုံအဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါတယ်။ ဒီအခြေအနေကို မြန်မာအစိုးရအဆက်ဆက်က ကြိုတင်မြော်မြင်သုံးသပ်ကာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကြီးရဲ့ လှုပ်ရှားမှုတိုင်းမှာလိုက်ပါခဲ့ပါတယ်။ ဒီလိုမျိုးတွေ လိုက်ပါခဲ့လို့လည်း မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီကို နိုင်ငံတကာနဲ့အတူ ရင်ပေါင်တန်းနိုင်လာတာပါ။ မြန်မာနိုင်ငံနဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တို့ကြား ဆက်ဆံရေးကို ပြန်ပြောင်းကြည့်ရင် မြန်မာနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့စတင်ဖွဲ့စည်းစဉ် ၂၀၀၁ ခုနှစ်ကတည်းက ဒီအဖွဲ့ကြီးရဲ့လုပ်ဆောင်မှုတိုင်းမှာ ပါဝင်ခဲ့တာဖြစ်ပါတယ်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဟာ စတင်ဖွဲ့စည်းမှုအဖြစ် ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှာ ၂၀၀၁ ခုနှစ်တုန်းက ကျင်းပပါတယ်။ အဲဒီထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံပါဝင်တက်ရောက်ခြင်းအားဖြင့် ဒီအဖွဲ့ကြီးရဲ့လှုပ်ရှားမှုတိုင်းမှာပါဝင်မှုကို စတင်ခဲ့တာပါ။ ၂၀၀၂ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့အစည်းအဝေးတိုင်းမှာပါဝင်တက်ရောက်ဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ မြန်မာနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများနဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့နဲ့ ပတ်သက်လို့ ဝင်ရောက်ဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ မြန်မာနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများနဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့နဲ့ ပတ်သက်လို့ ဝင်ရောက်ဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ မြန်မာနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့အစည်းအဝေးတိုင်းမှာပါဝင်တက်ရောက်ခွင့်ရတာဟာ နိုင်ငံအတွက် တကယ့်ကို ဂုဏ်ယူစရာ၊ အားတက်စရာပါ။ ဘာဖြစ်လို့လဲဆိုရင် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဒီအစည်းအဝေးကို တက်ဖို့အတွက် တရုတ်နိုင်ငံကို အလုပ်သဘောခရီးရောက်ရှိနေစဉ် တရုတ်သမ္မတမစ္စတာရှီကျင့်ဖျင်၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မစ္စတာနာရန်ဒရာမိုဒီ၊ လာအိုနိုင်ငံသမ္မတ မစ္စတာသောင်လောင် ဆီဆိုလစ်တို့နဲ့ နှစ်နိုင်ငံကြားသီးခြားတွေ့ဆုံဆွေးနွေးမှုတွေ လုပ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ မလေးရှားနိုင်ငံဝန်ကြီးချုပ် အပါအဝင် တခြားနိုင်ငံခေါင်းဆောင်များနဲ့လည်း အစည်းအဝေးခန်းမထဲမှာတွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်နိုင်ခဲ့ပါသေးတယ်။ တရုတ်၊ အိန္ဒိယ၊ လာအို ဆိုတာ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံတွေပါ။ ဒီလိုနိုင်ငံတွေနဲ့ တွေ့ဆုံခြင်းဟာ မြန်မာနိုင်ငံအတွက် အကျိုးမယုတ်တဲ့တွေ့ဆုံမှုဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ သူရဲဘောကြောင်တဲ့နိုင်ငံရေးသမားတချို့ကနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းခဲ့ခြင်းကြောင့် မတည်မငြိမ်ဖြစ်ခဲ့ရတဲ့မြန်မာနိုင်ငံရေးဟာ မကြာခင်တည်ငြိမ်အေးချမ်းလာတော့မှာဖြစ်ပါတယ်။ ပြည်သူအများရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီအတွက် အထွေထွေရွေးကောက်ပွဲကြီးကိုလည်း မကြာခင်အချိန်အတွင်းမှာ အောင်မြင်စွာကျင်းပပေးတော့မှာပါ။ အဲဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်ချင်နေတဲ့ သူရဲဘောကြောင်နိုင်ငံရေးသမားများက တရားမဝင်အဖြစ် သတ်မှတ်ချင်လိုမှဟာ လေထဲမှာသာပျောက်ကွယ်သွားပါလိမ့်မယ်။

စာမျက်နှာ ၆ သို့ ↻


၁ စာမျက်နှာ ၅ မှအဆက်

အကြောင်းရင်းကတော့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ အစရှိတဲ့ အင်အားကြီးနိုင်ငံများက လက်ရှိအစိုးရရဲ့ ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အမှန်အတိုင်းရှုမြင်ပြီး လက်ခံထားတဲ့အတွက်ကြောင့်ပါပဲ။

မြန်မာနိုင်ငံယာယီသမ္မတဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ကြား တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်တဲ့အခါ တရုတ်နိုင်ငံအနေနဲ့ မြန်မာ့နိုင်ငံရေးမှာ ပြည်ပရဲ့ ဝင်ရောက်စွက်ဖက်မှုတွေကို ဆန့်ကျင်တဲ့အကြောင်း၊ မြန်မာနိုင်ငံမှာ မကြာခင် ကျင်းပမယ့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများကို တရုတ်နိုင်ငံက ထောက်ခံအားပေးတယ်ဆိုတဲ့အကြောင်း မစ္စတာရှီကျင့်ဖျင်က ပြောကြားခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီနဲ့ တွေ့ဆုံစဉ်မှာလည်း အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အတွက် ထောက်ခံအားပေးတဲ့အကြောင်း၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး အဖွဲ့များကိုလည်း စေလွှတ်ပေးသွားမယ်ဆိုတဲ့အကြောင်း ပြောကြားခဲ့ပါသေးတယ်။

အိန္ဒိယနိုင်ငံဆိုတာ ကမ္ဘာပေါ်မှာ သက်တမ်းအရင့်ဆုံးဒီမိုကရေစီနိုင်ငံကြီး ဖြစ်တဲ့အပြင် ကမ္ဘာ့အင်အားကြီးနိုင်ငံ တစ်နိုင်ငံလည်းဖြစ်တာကြောင့် သူတို့ရဲ့ ထောက်ခံအားပေးမှုဟာ မြန်မာနိုင်ငံမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးအတွက် အားတစ်ခုဖြစ်တာ အသေအချာပါပဲ။ ဒါတင်မကသေးပါဘူး။ ယာယီသမ္မတအနေနဲ့ လာအို နိုင်ငံသမ္မတနဲ့တွေ့ဆုံစဉ်မှာလည်း မြန်မာနိုင်ငံမှာရွေးကောက်ပွဲကိုအောင်မြင်စွာ ကျင်းပနိုင်ရေး လာအိုနိုင်ငံကထောက်ခံအားပေးတဲ့အပြင် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကို စေလွှတ်ပေးသွားမယ်ဆိုပြီး ပြောထားပါသေးတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ရဲ့ လမ်းညွှန်မှုအောက်မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဟာ စစ်မှန်ပြီးတရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်လာမယ်ဆိုတာ ယုံမှားသံသယဖြစ်စရာမရှိပါဘူး။ ဒါတွေဟာ SCO အစည်းအဝေးတက်ရောက်ခြင်းကြောင့် ရရှိလာတဲ့အကျိုးကျေးဇူးများစွာထဲကမှ တစ်ခုလို့ပြောနိုင်ပါတယ်။

အဲဒီနောက် ယာယီသမ္မတဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်နိုင်ငံ ပေကျင်းမြို့မှာကျင်းပတဲ့ တရုတ်ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို ပါဝင်တက်ရောက်ပါတယ်။ ဒီလိုတက်ရောက်ရာမှာ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တခြားသော ကမ္ဘာ့ခေါင်းဆောင်များနဲ့တန်းတူတက်ရောက်ရခြင်းဖြစ်ပါတယ်။ ဒီစစ်ရေးပြအခမ်းအနားက မြန်မာနိုင်ငံနဲ့လည်း ဆက်စပ်မှုများစွာရှိနေပါတယ်။ ဘာကြောင့်လဲဆိုရင် အာရှဒေသမှာ ဖက်ဆစ်တို့ရဲ့ကျူးကျော်မှုကို ခုခံတွန်းလှန်တဲ့နေရာမှာ မြန်မာနိုင်ငံရဲ့ ပါဝင်မှုက အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေခဲ့လို့ပါ။ ဒါ့အပြင် တရုတ်ပြည်သူများရဲ့ သူ့ကျွန်မခံစိတ်ဓာတ်နဲ့အတူ နိုင်ငံများစွာရဲ့စုစည်းအားကြောင့် ဒီစစ်ပွဲကြီးကို အောင်မြင်မှုနဲ့အတူ အဆုံးသတ်နိုင်ခဲ့တာဖြစ်ပါတယ်။ တစ်နည်းပြောရရင် မိသားစုကဲ့သို့ စည်းလုံးညီညွတ်တဲ့ စိတ်ဓာတ်ကြောင့် အောင်မြင်မှုဆိုတဲ့အသီးအပွင့်ကို ရရှိခဲ့တာပါ။ ဒီလိုမျိုးအောင်မြင်မှုဟာ SCO အဖွဲ့နဲ့အတူ နောင်တစ်ချိန်မှာလည်းရရှိလာဦးမှာဖြစ်ပါတယ်။



ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ အခုတရုတ်နိုင်ငံခရီးစဉ်မှာ နောက်ထပ်အောင်မြင်မှုတစ်ခုလည်းရှိပါသေးတယ်။ အဲဒါကတော့ တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအတွက် ဆောင်ကြဉ်းပေးနိုင်ခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ရင်းနှီးမြှုပ်နှံမှုက အင်မတန်အရေးကြီးပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့အတွက် အလားအလာကောင်းများစွာရှိတဲ့ ဒေသဖြစ်တယ်ဆိုတာကို ယာယီသမ္မတကရှင်းပြနိုင်ခဲ့ပါတယ်။ ဥပမာတစ်ခုပြရရင် ရုရှား–တရုတ်–မြန်မာဆိုတာ ပထဝီဝင်တည်ရှိမှုအရ အိန္ဒိယသမုဒ္ဒရာဘက်ကို ဦးတည်နိုင်သောတစ်တန်းတည်း တည်ရှိနေတဲ့နိုင်ငံများဖြစ်ပါတယ်။ တကယ်လို့များ ဒီသုံးနိုင်ငံကြားမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ပူးပေါင်းဆောင်ရွက်လိုက်နိုင်တယ်ဆိုရင် တစ်နိုင်ငံချင်းစီအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုသာမကဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ပါတယ်။ ဒီအခြေအနေရှိတယ်ဆိုတာကိုလည်း ကျွန်တော်တို့ရဲ့ယာယီသမ္မတကရှင်းလင်း ပြောကြားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် ယာယီသမ္မတဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်ပြည်သူသမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ်အတွင်း မနေမနားသွားလာပြီး နိုင်ငံအတွက်အကျိုးဖြစ်ထွန်းစေနိုင်မယ့် နေရာတွေကို လှည့်လည်ကြည့်ရှုကာ ဆွေးနွေးမှုတွေလုပ်နိုင်ခဲ့ပါသေးတယ်။

အဲဒီလိုဆွေးနွေးမှုတွေထဲမှာ ခေတ်သစ်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ဆွေးနွေးမှုတွေလုပ်ရာမှာ ဝူဟန်တက္ကသိုလ်မှ ဒုတိယအဓိပတိပါမောက္ခကောင်းဝေနဲ့ တွေ့ဆုံမှုက မြန်မာနိုင်ငံရဲ့အနာဂတ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ တွေ့ဆုံမှုတစ်ခုဖြစ်တာကို တွေ့ရပါတယ်။ ဝူဟန်ဆိုတာ နည်းပညာဖွံ့ဖြိုးတိုးတက်တဲ့ နေရာတစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ကိုယ်တိုင်လည်း မျက်မြင်တွေ့ရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဝူဟန်တက္ကသိုလ်နဲ့ မြန်မာနိုင်ငံတို့ကြား ဆွေးနွေးမှုက မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းတဲ့ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ဖို့ အလားအလာကောင်းများကို ပေါ်ထွန်းစေတာဖြစ်ပါတယ်။

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ နောက်ထပ်လေ့လာရေးသွားရောက်ခဲ့တဲ့နေရာတွေထဲမှာ ခေတ်သစ်နည်းပညာတစ်ခုဖြစ်တဲ့ AI နည်းပညာကို အသုံးပြုနေတဲ့ တီယန်ကျင်းဆိပ်ကမ်းလည်းတစ်ခုအပါအဝင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ရှည်လျားလှတဲ့ပင်လယ်ကမ်းရိုးတန်းကိုပိုင်ဆိုင်ထားတာကြောင့် ဆိပ်ကမ်းများစွာကိုလည်းတည်ဆောက်အသုံးပြုလျက်ရှိပါတယ်။ ဒီအတွက် တီယန်ကျင်းဆိပ်ကမ်းကိုသွားရောက်လေ့လာခြင်းဟာ မြန်မာနိုင်ငံရဲ့ ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်လာစေမယ့် အခွင့်အလမ်းတစ်ခုကို ပေါ်ပေါက်လာစေပါတယ်။ နောက်ထပ်သွားရောက်လေ့လာခဲ့တဲ့နေရာတစ်ခုကတော့ ပေကျင်းမြို့ရှိ Tebian Electric Apparatus ကုမ္ပဏီဖြစ်ပါတယ်။ ဒီကုမ္ပဏီကိုသွားရောက်လေ့လာရာမှာ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး၊ လျှပ်စစ်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ သတ္တုတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအပြင် မြန်မာနိုင်ငံရဲ့ စွမ်းအင်ကဏ္ဍတိုးတက်ရေးအတွက် ဆွေးနွေးမှုတွေလုပ်ဆောင်နိုင်ခဲ့တာကိုတွေ့ရပါတယ်။

နောက်ထပ်မြန်မာနိုင်ငံအတွက် အကျိုးရှိစေမယ့်နေရာတစ်ခုကတော့ ဟာပင်းမြို့ရှိ Harbin Institute of Technology ကိုသွားရောက်လေ့လာတာပါ။ အဲဒါကအာကာသဆိုင်ရာနည်းပညာမှာ ထင်ရှားတဲ့အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒီနေရာကိုသွားရောက်လေ့လာခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် အာကာသဆိုင်ရာနည်းပညာများမျှဝေနိုင်မယ့်အခြေအနေများနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ဆောင်နိုင်ခဲ့ပါတယ်။ Harbin Electric Corporation ကို ရောက်တဲ့အခါမှာလည်း ယာယီသမ္မတက မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မှုတွေလုပ်နိုင်မယ့်အခြေအနေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။



ဆိုလိုတာက ရင်းနှီးမြှုပ်နှံမှုကိုဖိတ်ခေါ်ခဲ့တာပါ။ နောက်ထပ်သွားရောက်တဲ့နေရာကတော့ Beidahaung Smart Agriculture Exhibition Center နဲ့ Heilongjiang Huida Technology Co., Ltd. တို့ဖြစ်ပါတယ်။ အဲဒီနေရာတွေက စိုက်ပျိုးရေးအတွက် အဆင့်မြင့်နည်းပညာများ၊ AI စနစ်များ၊ မောင်းသူမဲ့စနစ်များအသုံးပြုအကောင်အထည်ဖော်နေတဲ့ နေရာတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံက စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်တာနဲ့အညီ စိုက်ပျိုးရေးမှာအဆင့်မြင့်နည်းပညာကို အသုံးပြုနိုင်မယ်ဆိုရင် ကောင်းကျိုးများစွာကို ရရှိစေမှာပါ။ ဒါကြောင့်လည်း ယာယီသမ္မတဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က အဲဒီနေရာကိုသွားရောက်လေ့လာခဲ့တာဖြစ်ပါတယ်။

ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့အခုတရုတ်နိုင်ငံခရီးစဉ်ဟာ ကောင်းကျိုးတွေပဲရလို့ ကျွန်တော်မြင်ပါတယ်။ ကောင်းတဲ့အကြောင်းတွေကိုပဲ လုပ်ဆောင်ခဲ့တာဖြစ်တဲ့အတွက် ကောင်းတဲ့အကျိုးတွေပဲဖြစ်လာမှာအမှန်ပါ။ ဘယ်သူ့အတွက်လဲဆိုရင် ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံကြီးအတွက်ပါ။ လက်ရှိထွက်ပေါ်လာတဲ့အကျိုးတွေထဲကမှ တစ်ခုကို ထုတ်ပြပါဆိုရင် မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာဟာ ကမ္ဘာ့အလယ်မှာ တင့်တယ်စွာ မြင့်တက်လာတာကို မြင်တွေ့ရတာဖြစ်ပါတယ်။ နောက်ထပ်ရရှိလာမယ့်အကျိုးတွေထဲမှာတော့ နိုင်ငံတကာရဲ့အသိအမှတ်ပြုမှုနဲ့အတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်မယ်။ နိုင်ငံမှာစီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ နိုင်ငံတကာမှာ လူမှုရေးအရသော်လည်းကောင်း၊ နည်းပညာဆိုင်ရာနဲ့ အာကာသဆိုင်ရာမှာသော်လည်းကောင်း အကျိုးဖြစ်ထွန်းတဲ့ အောင်မြင်မှုတွေကိုရရှိလာတော့မှာပါ။

ဒီဆောင်းပါးရဲ့အစပိုင်းမှာဖော်ပြခဲ့တဲ့ “မိသားစုစည်းလုံးညီညွတ်ပါကကောင်းကျိုးချမ်းသာရရှိမည်” ဆိုတဲ့ ဆိုရိုးစကားလေးအတိုင်းပဲ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံဆိုတဲ့ မိသားစုအတွက် ဦးဆောင်ဦးရွက်ပြုပြီး ရှေ့ကနေအကြောင်းကောင်းတွေကို ဖန်တီးနေချိန်မှာ မိသားစုဝင်များဖြစ်ကြတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးကလည်း ကမ္ဘာကြီးရဲ့ဘယ်နေရာမှာမဆိုရောက်နေသည်ဖြစ်စေ မြန်မာနိုင်ငံဆိုတဲ့ မိသားစုကြီးတစ်ခုလုံးအတွက် ကောင်းကျိုးတွေဖြစ်တည်လာနိုင်စေဖို့နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးတို့ကိုလိုလားတောင့်တကာ တည်ငြိမ်အေးချမ်းရေးနဲ့ စည်းလုံးညီညွတ်မှုရှိရေးတို့ကို အကောင်အထည်ဖော်ရာမှာ မြန်မာဆိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆောင်ရွက်ခြင်းအားဖြင့် အကြောင်းကောင်းတွေကို ဖန်တီးပေးဖို့ပါပဲ။ ဒါဆိုရင်တော့ အကြောင်းလည်းစုံသွားပြီဖြစ်တဲ့အတွက် အကျိုးလည်းစုံလာမည်ဖြစ်ကာ ကျွန်တော်တို့မြန်မာနိုင်ငံကြီး သည်လည်း စည်ပင်ဝေဆာတိုးတက်သာယာလာပြီး စုပေါင်းညီညာကြိုးပမ်းခြင်းကြောင့် အောင်ကြောင်းဖြာလာမှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

● ရှေ့ဖုံးမှအဆက်

အချို့သော အကြမ်းဖက် EAO တို့သည် ရပ်တည်ရန် ခက်ခဲလာကြပြီး PDF အမည်ခံတို့သည်လည်း ပိုမိုအတိဒုက္ခရောက်လာကြရသည်။ ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင် လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ကြရန် အချိန်တန်ပြီဖြစ်သည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများအပြင် PDF များသည်ပင် လိုလားကြပြီး ရည်မှန်းချက်ချင်းတူညီကြသည်။ ဒီမိုကရေစီမျက်နှာဖုံးတပ်ပြီး နိုင်ငံတော်အာဏာကိုမက်မောကြသည့် CRPH, NUG တို့၏ လိုလားချက်မှာ ၎င်းတို့သာရွေးကောက်ခံအစိုးရဆိုသည့် ရပ်တည်မှု မပျောက်ဆုံးရေးအတွက် အကြမ်းဖက်လက်နက်ကိုင် လမ်းစဉ်ကို ရွေးချယ်နေခြင်းဖြစ်သည်။ ၎င်းတို့၏ နောင့်ယှက်မှုများကြောင့်သာ ဒီမိုကရေစီခရီးလမ်းနောင့်နေးကြန့်ကြာနေရခြင်းဖြစ်သည်။

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် မကြာမီတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးအလွန် အားလုံးမျှော်မှန်းထားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးကို မျှော်မှန်းကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရန်ဆန္ဒရှိပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပြီး တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ထပ်မံဖိတ်ခေါ်အပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့

မှတ်သားဖွယ်ရာမိုးရေချိန်များ

၈-၉-၂၀၂၅

မအူပင်	၃	ဒသမ	၅၄	လက်မ
တောင်ငူ (လေကြောင်းမိုးလေဝသ)	၂	ဒသမ	၈၇	လက်မ
ကော့သောင်း	၂	ဒသမ	၂၈	လက်မ
ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ)	၂	ဒသမ	၁၇	လက်မ
တီးတိန်	၂	ဒသမ	၁၇	လက်မ
ဘားအံ	၂	ဒသမ	၀၉	လက်မ
ကျိုက်မရော	၁	ဒသမ	၅၃	လက်မ
သထုံ	၁	ဒသမ	၃၉	လက်မ

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဘုရား၊ စေတီပုထိုးများပြန်လည်ပြုပြင်မွမ်းမံမှု

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှု၊ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတက်ရောက်

မုံရွာ စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ စူဠာမဏိကောင်းမှုတော်စေတီတော်မြတ်ကြီးနှင့်ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံတည်ဆောက်ရေး တာဝန်ရှိသူများက သာသနိကအဆောက်အအုံများ ပြန်လည်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် သာသနာ့ဗိမာန်တော်ကြီး ပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးမှု၊ ရှင်ပင်နံကိုင်းစေတီတော်မြတ်ကြီး ပြန်လည်ရှင်းလင်းဖယ်ရှားနေမှု၊ မဟိယင်္ဂဏစေတီတော်မြတ်ကြီးနှင့်စေတီလှစေတီတော်မြတ်ကြီးများ အသစ်မွမ်းမံတည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် စစ်ကိုင်း-မင်းကွန်းကားလမ်းဘေးရှိအလျား ၁၀၀၀ ပေ၊ ဘိုးပိုင်အခြေပြုသံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်မည့်နေရာအား



ဦးစွာ စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက “ဝထကလသ”သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က လူတိုင်းစာရေး၊ စာဖတ်နိုင်စေရန် တာဝန်ရှိသူအားလုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စာတတ်မြောက်ခြင်းသည် လူတစ်ဦး၏ အသိပညာနှင့်စိတ်ပိုင်းဆိုင်ရာတိုးတက်စေပြီး လူမှုရေး၊ စီးပွားရေးနှင့်ပေါင်းသင်းဆက်ဆံရေးအမြင်များလည်း ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် Video Clip အား ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အထက်တန်း၊ အလယ်တန်း၊ မူလတန်းစာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “စေတနာပန်းတို့လန်းရာမြေ”တေးသီချင်းသီဆိုဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သီဆိုကပြဖျော်ဖြေပေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါခန်းမအတွင်း ခင်းကျင်းပြသထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့်ဆုရစာစီစာကုံးများ၊ ပန်းချီများပြသထားမှုနှင့် စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရန်ခိုင်မှ ပြသထားသည့်လက်မှုပညာပစ္စည်းများအား လိုက်လံကြည့်ရှုခဲ့ကြောင်းသိရသည်။

အေးသန္တာ

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား လွိုင်ကော်မြို့၌ကျင်းပ

လွိုင်ကော် စက်တင်ဘာ ၈

၂၀၂၅ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

အခမ်းအနားကို လွိုင်ကော်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲနှင့်အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း၊ ဂုဏ်ပြုတေးသီချင်းများ သီဆိုဖျော်ဖြေကြသည့် အထက(၅)နှင့် အထက(၇) ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်



အဖွဲ့က ၂၀၂၅ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြခန်းနှင့် စာအုပ်စာစောင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံးနှင့် ပန်းချီလက်ရာများကို လှည့်လည်ကြည့်ရှုကာ ဆုရကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလားအမျိုးသမီးအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။

ဦးစွာ ညွှန့်ပေါင်းအသင်းနှင့် အထက(၅) အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် အထက(၅) အသင်းက ညွှန့်ပေါင်းအသင်းကို လေးဂိုးဂိုးမရှိရလဒ်ဖြင့်အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုရရှိကြသူများကို ငွေသားဆုနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသည့် အထက(၅)ဘောလုံးအသင်းမှ အားကစားသမား တစ်ဦးချင်းစီအား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်စောတင့်

ခြင်ကြောင့်ဖြစ်ပွားတတ်သောရောဂါများ

ပေါက်ပေါက်

ခြင်တို့သည် အမြင်အာရုံကောင်းသဖြင့် အလင်းရောင်နည်းသော နေရာဖြစ်စေ၊ မှောင်သောနေရာဖြစ်စေ သားကောင်ကို ကောင်းစွာမြင်နိုင်သည်။ ခြင်များကို အဓိက ဆွဲဆောင်သည့်အရာများမှာ လူတို့ရှူထုတ်လိုက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ ချွေးနံ့၊ အမွေးနံ့၊ အရောင်အဆင်းတို့ဖြစ်သည်။ လူတို့ ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ခြေရာခံရင်း ခြင်များသည် ၁၅ ပေ မှ ပေ ၅၀ အကွာအဝေးရှိလူကို သိမြင်နိုင်သည်။ ခြင်ကိုဆွဲဆောင်နိုင်သော အရောင်များမှာ အနီရောင်၊ လိမ္မော်ရောင်၊ စိမ်းပြာရောင်နှင့် အနက်ရောင်တို့ဖြစ်သည်။ ထို့ကြောင့် ခြင်ကိုက်ခံရမှုသက်သာစေရန် အဖြူရောင်၊ အစိမ်းရောင်၊ အပြာရောင်နှင့် ခရမ်းရောင်တို့ကို ရွေးချယ်ဝတ်ဆင်သင့်သည်။

ကမ္ဘာပေါ်တွင် တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်သောရောဂါများအနက် ခြင်ကြောင့်ဖြစ်သော ရောဂါများသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသောသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ ခြင်မှတစ်ဆင့် ဖြစ်ပွားသော ကူးစက်ရောဂါများကြောင့် နှစ်စဉ် လူသန်းပေါင်း ၇၀၀ နီးပါး ရောဂါဝေဒနာခံစားရပြီး လူပေါင်း ၇၂၅၀၀၀ ကျော်၏ အသက်ကို ဆုံးရှုံးစေနိုင်သည်။

မြန်မာနိုင်ငံ၌ အများဆုံးတွေ့ရသော ခြင်အမျိုးအစား သုံးမျိုးရှိပြီး နှစ်စဉ် ကူးစက်ရောဂါများ ဖြစ်ပွားလျက်ရှိသည်။ ယင်းတို့မှာ-

- နေ့ဘက်တွင် ကိုက်လေ့ရှိသော အေးဒိစ် (ခေါ်) ခြင်ကျားကြောင့် ဖြစ်ရသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါ။
- နေဝင်ချိန်နှင့် ညဘက်တွင် ကိုက်လေ့ရှိသည့် အနောဖလိခြင်ကြောင့် ဖြစ်ရသော ငှက်ဖျားရောဂါ။
- ညဘက်တွင် ကိုက်လေ့ရှိသည့် ကျူးလက်ခြင်ကြောင့် ဖြစ်ရသော ဆင်ခြေထောက်ရောဂါနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါတို့ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါ

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့်ဖြစ်ပွားရသော ရောဂါများအနက် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အထူးသဖြင့် သွေးလွန်တုပ်ကွေးရောဂါသည် ရာသီဥတုပြောင်းလဲမှုနှင့်အတူ လွန်ခဲ့သည့် နှစ် ၅၀ အတွင်း အလျင်အမြန်တိုးပွားလာခဲ့သည်။ ကမ္ဘာကြီး၏ပျမ်းမျှအပူချိန် ပို၍ပူနွေးလာသည်နှင့်အမျှ သွေးလွန်တုပ်ကွေးရောဂါကိုဖြန့်သည့် ခြင်များအတွက်လည်း အခြေအနေသစ်များ ပေါ်ထွက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ သိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ယခင်ကာလများထက် ရှစ်ဆပို၍ မြင့်တက်လာခဲ့ရာ လူများရွှေ့ပြောင်းသွားလာမှု၊ မြို့ပြနယ်မြေများ ကျယ်ပြန့်လာမှုတို့နှင့်အတူ ရာသီဥတုပြောင်းလဲမှုပြဿနာတို့ကြောင့် မြင့်တက်လာရခြင်းဖြစ်သည်။ WHO ၏ အဆိုအရ ၂၀၀၀ ပြည့်နှစ်က ကမ္ဘာတစ်ဝန်းလုံး၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ငါးသိန်းသာ ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် ၁၀ ဆမြင့်တက်လာပြီး ငါးသန်းအထိရှိလာခဲ့ကြောင်းနှင့် ထိုရောဂါသယ်ဆောင်ထားနိုင်သော ခြင်များသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ဥရောပနိုင်ငံပေါင်း ၁၃ နိုင်ငံအထိ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ်ရောက်သောအခါ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ထိုရောဂါဖြစ်ပွားမှု ၄ ဒသမ ၂ သန်းအထိရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လူပေါင်း ၆ ဒသမ ၅ သန်းကျော် ကူးစက်ခံရပြီး နိုင်ငံပေါင်း ၈၀ ကျော်၌ လူပေါင်း ၇၃၀၀ ကျော်အထိ သေဆုံးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၄ သန်းကျော် အထိရှိခဲ့ပြီး ယင်းရောဂါဖြင့် သေဆုံးသူ တစ်သောင်းကျော်အထိရှိခဲ့ကြောင်း သိရသည်။

ငှက်ဖျားရောဂါ

အနောဖလိခြင်သည် ငှက်ဖျားရောဂါကို ဖြစ်ပွားစေသဖြင့် ထိုခြင်အား အသေအပျောက်အများဆုံး တိရစ္ဆာန်အဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်တွင် ဖော်ပြခံရသည်။ မိုးဦးကျအချိန်နှင့် မိုးကုန်ခါနီးတွင် ခြင်များပို၍ပေါက်ပွားလေ့ရှိသဖြင့် ယင်းကာလတွင် ငှက်ဖျားရောဂါခံစားရသူ ပိုမိုများပြားခြင်းဖြစ်သည်။ ထိုရောဂါသည် သမိုင်းတစ်လျှောက် လူသားများ၏ ထက်ဝက်ခန့်ကို သေဆုံးစေခဲ့သည်။

WHO မှတ်တမ်းများအရ ထိုရောဂါဖြစ်ပွားမှုသည် ၂၀၂၀ ပြည့်နှစ်မတိုင်မီက နှေးကွေးခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ဆက်လက်မြင့်တက်ခဲ့ကာ ခန့်မှန်းခြေအားဖြင့် ထိုရောဂါကြောင့် သေဆုံးမှုအရေအတွက်သည် ၂၀၂၁ ခုနှစ်က ၆၁၉၀၀၀ ရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ထိုရောဂါဖြစ်ပွားသူ ၂၆၃ သန်းခန့်ရှိခဲ့ပြီး သေဆုံးသူ ၅၉၇၀၀၀ ရှိခဲ့ရာ အာဖရိကဒေသ၌ ထိုရောဂါဖြစ်ပွားမှုအားလုံး၏ ၉၄ ရာခိုင်နှုန်းအထိရှိကြောင်း၊ လက်ရှိတွေ့ကြုံနေရသော ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ငှက်ဖျားရောဂါကို ပိုမိုကျယ်ပြန့်စေသဖြင့် ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၅၀ ပြည့်နှစ်ကြား လူပေါင်း ၆၀၀၀၀ ခန့် ငှက်ဖျားရောဂါကြောင့် သေဆုံးနိုင်ကြောင်း WHO က ခန့်မှန်းထားသည်။

ယနေ့ကာလတွင် ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌သာမက ကမ္ဘာတစ်ဝန်းပြန်လည်ခေါင်းထောင်လာသော ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာသည်။ ရာသီဥတုပြောင်းလဲခြင်း၊ ခရီးသွားလာမှုများပြားလာခြင်း၊ ဆေးယဉ်ပါးသော ငှက်ဖျားပိုးများ ပျံ့နှံ့လာခြင်း၊ ငှက်ဖျားဆေးဝါးအတုများနှင့် အရည်အသွေးမပြည့်မီသော ဆေးဝါးများကို အသုံးပြုမိခြင်း၊ ငှက်ဖျားဖြစ်စေသောခြင်များ၏ အလေ့အကျင့် ပြောင်းလဲလာခြင်းတို့သည် ငှက်ဖျားရောဂါကို ခေါင်းမော့လာစေသောအချက်များဖြစ်သည်။

"ကမ္ဘာပေါ်တွင် တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်သောရောဂါများအနက် ခြင်ကြောင့်ဖြစ်သောရောဂါများသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသောသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ ခြင်မှတစ်ဆင့်ဖြစ်ပွားသော ကူးစက်ရောဂါများကြောင့် နှစ်စဉ် လူသန်းပေါင်း ၇၀၀ နီးပါး ရောဂါဝေဒနာခံစားရပြီး လူပေါင်း ၇၂၅၀၀၀ ကျော်၏အသက်ကို ဆုံးရှုံးစေနိုင်သည်. . ."

ဆင်ခြေထောက်ရောဂါ

ဆင်ခြေထောက်ရောဂါသည် သေစေနိုင်သောရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဌာန် ပျက်ယွင်းခြင်းကြောင့် အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုရေးထိခိုက်နစ်နာဆုံးရှုံးမှုများ ရင်ဆိုင်ရသည်။ ထိုရောဂါကူးစက်မှုရှိသောဒေသများရှိလူအားလုံးကို တစ်နှစ်လျှင်တစ်ကြိမ် ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးသန်ချဆေးပေါင်း တိုက်ကျွေးသည့်အခါ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆေးသောက်မှသာ လူ၏ခန္ဓာကိုယ်တွင်ရှိသော ဆင်ခြေထောက်ရောဂါပိုး သန်ကောင်များ တစ်ပြိုင်တည်းလျော့နည်းသွားလိမ့်မည်။ သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ တစ်နှစ်လျှင်တစ်ကြိမ်၊ အနည်းဆုံး ငါးနှစ်ဆက်တိုက် သို့မဟုတ် မိမိဒေသ၊ မိမိပတ်ဝန်းကျင်တွင် ဆင်ခြေထောက်ရောဂါပိုး ကူးစက်မှုမရှိတော့သည်အထိ တိုက်ကျွေးသည့် သန်ချဆေးပေါင်းများကို တစ်ဦးတစ်ယောက်၊ တစ်အိမ်ထောင်မှသည် တစ်အုပ်စုလုံး မပျက်မကွက် သောက်သုံးကြရန်လိုသည်။

Albendazole သောက်ဆေး၏ ဘေးထွက်ဆိုးကျိုးမှာ ပျို့အန်ခြင်းဖြစ်သည်။ သို့သော် ဆေးသောက်ခြင်းဖြင့် လူအားလုံး နီးပါး ထူးထူးခြားခြားပြဿနာများ မခံစားရပေ။ ရောဂါ၏သဘာဝအရ ဆေးသောက်ပြီးနောက် ခန္ဓာကိုယ်တွင်း ဆင်ခြေထောက်ရောဂါပိုးများ သေကျေပျက်စီးသွားသဖြင့် ယင်းတို့မှထွက်လာသော ဓာတ်ပစ္စည်းများကြောင့် ဖျားနာခြင်း၊ အင်ဂျင်ထွက်ခြင်း၊ ခြေလက်များကိုက်ခဲ၍ မသယ်ချင်ဖြစ်ခြင်း၊ ခြေထောက်အနည်းငယ်ရောင်ခြင်း တို့ဖြစ်တတ်သည်။ ယင်းလက္ခဏာများသည် ဆေးသောက်ပြီး ၂၄ နာရီကျော်လျှင် စတင်ပေါ်လာပြီး နောက်ထပ် တစ်ရက်၊ နှစ်ရက်အတွင်း သူ့အလိုလို ပျောက်သွားမည်ဖြစ်၍ စိုးရိမ်ဖွယ်မဟုတ်ပေ။ (ဘေးထွက်ဆိုးကျိုးများအတွက် B-6 သောက်ပါ။ ဓာတ်ပစ္စည်းများကြောင့် ဖျားလျှင် Paracetamol နှင့် အင်ပျဉ်ထလျှင် Antihistamine တို့ သောက်နိုင်သည်)

ဂျပန်ဦးနှောက်ရောင်ရောဂါ

ဂျပန်ဦးနှောက်ရောင်ရောဂါသည် သွေးလွန်တုပ်ကွေးရောဂါနှင့်အတူ Flavivirus အုပ်စုတွင်ပါဝင်သည်။ ၁၈၇၂ ခုနှစ်က ကမ္ဘာ့ပထမဆုံးလူနာကို ဂျပန်နိုင်ငံ၌ တွေ့ရှိခဲ့သဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါအစ ဂျပန်နိုင်ငံကဟုဆိုသည်။ ယင်းဗိုင်းရပ်စ်ပိုးက ဦးနှောက်တစ်သျှူးများ ရောင်ရမ်းပျက်စီးခြင်းကိုဖြစ်စေကာ ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများကိုဖြစ်ပေါ်စေနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်။ အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အဓိကအားဖြင့် အသက် ၁၅ နှစ်အောက်ကလေးများတွင် အဖြစ်များသည်။

WHO ၏ မှတ်တမ်းများအရ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ကမ္ဘာတစ်ဝန်း နှစ်စဉ် လူနာ ၆၈၀၀၀ ခန့်ဖြစ်လေ့ရှိပြီး သေဆုံးမှုစာရင်းမှာ ပျမ်းမျှ ၁၃၆၀၀ မှ ၂၀၄၀၀ အထိ ရှိနိုင်ကြောင်း၊ နှစ်စဉ် လူတစ်သိန်းလျှင် တစ်ဦးမှ ၁၀ ဦးနှုန်းအထိ သို့မဟုတ် အစုလိုက်အပြုံလိုက် ကူးစက်မှုပြင်းထန်ကြောင်း သိရသည်။ ထို့ပြင် အရှေ့တောင်အာရှနှင့် ပစိဖိတ်အနောက်ပိုင်း ၂၄ နိုင်ငံ၌ လူပေါင်း ၃ ဘီလီယံခန့် ကူးစက်နိုင်ခြေရှိကြောင်း WHO မှ ထုတ်ပြန်ထားသည်။

ယင်းရောဂါသည် လူမှလူသို့ တိုက်ရိုက် ကူးစက်သောရောဂါမျိုးမဟုတ်ပေ။ ငှက်များနှင့် အိမ်မွေးတိရစ္ဆာန်များ၊ အထူးသဖြင့် ရေတွင် နားခိုကျက်စားသည့် တောငှက်ရိုင်းများနှင့်ဝက်များကို ရောဂါပိုး ကူးစက်ဝင်ရောက်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ ဝက်များသည် ရောဂါပိုး လက်ခံသိုလှောင်ရာ တိရစ္ဆာန်ဖြစ်ကြောင်း တွေ့ရသည်။ ကူးစက်ပုံအဆင့်ဆင့်မှာ ဝက်၊ ငှက်၊ ဘဲ၊ ခို၊ လင်းနို့ စသည့်သတ္တဝါတို့၏ ခန္ဓာကိုယ်ထဲတွင် JVE ဗိုင်းရပ်စ်ပိုးများ ပေါက်ပွားကြပြီးနောက် ယင်းသတ္တဝါတို့မှပိုးသည် ခြင်မှတစ်ဆင့် လူသို့ကူးစက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝက်၊ ငှက်၊ ဘဲ၊ ခို၊ လင်းနို့ စသည်သတ္တဝါများနှင့် အနေနီးသူများတွင် ယင်းရောဂါအဖြစ်များသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည်မြန်မာနိုင်ငံ၌ နှစ်စဉ်လူပေါင်း ၃၀၀၀ မှ ၆၀၀၀ ခန့်အထိ ဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းထားသော်လည်း လက်တွေ့တွင် အဆိုပါအရေအတွက်ထက် ပိုများနိုင်ကြောင်း သိရသည်။ ယင်းကိန်းဂဏန်းများအနက် ၉၀ ရာခိုင်နှုန်းကျော်မှာ အသက် ၁၅ နှစ်အောက်ကလေးများဖြစ်ပြီး ယင်းတို့အနက် ၃၀ ရာခိုင်နှုန်းခန့်သေဆုံးကြကာ အသက်ရှင်ကျန်ရစ်သော ကလေးများတွင်လည်း နာတာရှည် ကိုယ်လက်အင်္ဂါမသန်စွမ်းခြင်း၊ အပြုအမူပိုင်းဆိုင်ရာ၊ အသိဉာဏ်ပိုင်းဆိုင်ရာ ချို့ယွင်းခြင်းများ ဖြစ်ပွားတတ်သည်။

ခြင်ကိုက်မခံရအောင်ကာကွယ်နည်း

- နေ့လယ်နေခင်း တစ်ရေးအိပ်သည်ဖြစ်စေ၊ ညအိပ်ရာဝင်ချိန်ဖြစ်စေ ခြင်ထောင်ဖြင့်အိပ်ပါ။
- ခြင်ကိုက်ခြင်းမှ ကာကွယ်တားဆီးပေးနိုင်သောလိမ်းဆေးများ လိမ်းပါ။
- မိမိမိသားစုနှင့် မလှမ်းမကမ်းနေရာများတွင် ခြင်ဆေးခွေထွန်းခြင်း၊ ခြင်ဆေးဖျန်းခြင်းပြုလုပ်ပါ။
- လေဝင်လေထွက် ကောင်းအောင်၊ အလင်းရောင်ရရှိအောင် အိမ်တွင်းအိမ်ပြင်၊ ခြံတွင်းခြံပြင် သန့်ရှင်းရေးပြုလုပ်ပါ။
- ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှုဂရုပြုပါ။
- ရေဝပ်နိုင်သောနေရာများကို မြေဖို့ခြင်း၊ ရေမြောင်းများကို ရေစီးရေလာကောင်းအောင်ပြုပြင်ခြင်း၊ ဘုရားပန်းအိုးများကို နေ့စဉ်ရေအသစ်လဲခြင်း၊ ရေစည်ပိုင်းများကို အဖုံးဖုံးခြင်းတို့ပြုလုပ်ပါ။

အချုပ်ဆိုရသော် ခြင်မှတစ်ဆင့်ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများကို ကာကွယ်ရန်အတွက် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းမှာ ခြင်ကိုက်မခံရစေရေးပင်ဖြစ်သည်။ ရောဂါအမျိုးအစားကို သိခြင်းသည် ပျောက်ကင်းခြင်း၏ ထက်ဝက်ဖြစ်သည်။ရောဂါကို တစ်အောင့်စမျှ ကာကွယ်ခြင်းသည် တစ်ပေါင်ဖိုးကုသခြင်းထက် သာလွန်သည်ဟူသော အဆိုရှိသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း ရောဂါကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အလေးထားလိုက်နာကြရန်လိုအပ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

(၁၄၂)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



မိတ္ထီလာ စက်တင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၁၄၂)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၈ ရက် ညနေပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာလောင်းလှေ ပြိုင်ပွဲအမျိုးသား အငယ်တန်းပြိုင်ပွဲနှင့် အမျိုးသား အကြီးတန်းပြိုင်ပွဲဗိုလ်လုပွဲကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများ၊ ဘုရားပွဲတော်လာသူများက ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ချွေလှိုင်းဖြူအသင်း၊ ဒုတိယဆုရ ကျော်ဇေယျာဟိန်းအသင်း၊ အမျိုးသားအငယ်တန်းပြိုင်ပွဲတွင် ပထမဆုရ ကျော်ဇေယျာဟိန်းအသင်း၊ ဒုတိယဆုရ ကံကြီးမောင်အသင်း၊ တတိယဆုရ အလင်းသစ်အသင်း၊ အမျိုးသားအကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ဇာတိသွေးအသင်း၊ ဒုတိယဆုရ စတားမောင်မောင်အသင်းနှင့် တတိယဆုရဝါးတန်းအောင်ခန့်အသင်းတို့အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများကိုပေးအပ်သည်။ ထို့နောက်တာဝန်ရှိသူများကပြိုင်ပွဲကျင်းပစဉ် ရေပြင်ကူညီကယ်ဆယ်စောင့်ရှောက်ရေးဆောင်ရွက်ပေးခဲ့သည့် မျိုးဆက်သစ်မြတ်ပါရမီလူမှုကူညီရေး အသင်းအား ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

အဆိုပါမြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို စက်တင်ဘာလ ၁ ရက်မှ ၇ ရက်အထိ ကျင်းပပြီး စုစုပေါင်း ၂၉ သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

(၆၀၂)

ရပ်ရွာအခြေပြုစက်ချုပ်သင်တန်းဖွင့်လှစ်

ပုသိမ် ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပေါက်ကုန်းရွာကျေးရွာ အုပ်စုဘုရားကြီးကုန်းဘုန်းတော်ကြီးကျောင်း၌ ဩဂုတ်လ ၇ ရက် နံနက်ပိုင်းတွင် ရပ်ရွာအခြေပြုစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ပုသိမ်မြို့အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လဲ့လဲ့ထွန်းက အိမ်တွင်းမှုစက်ချုပ်ပညာရပ်များတတ်မြောက်ပါက ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိပြီး နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတွင် အမျိုးသမီးများပါဝင်လာစေရန် သင်ကြားပေးရခြင်းဖြစ်ပြီး စက်ချုပ်ပညာတတ်မြောက်ပါက မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေရရှိသော လုပ်ငန်းဖြစ်သောကြောင့် သင်တန်းကိုပြီးဆုံးအောင်ပညာသင်ယူနိုင်ရန် ပြောကြားသည်။

အဆိုပါသင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမများက သင်တန်းသား၊ သင်တန်းသူ ၁၅ဦးအား ဩဂုတ်လ ၇ ရက်မှ ၂၇ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၇)

ရွှေဘိုမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲတီစိမ်းသီးနှံ လျာထားချက်ထက်ပိုမိုစိုက်ပျိုးပြီးစီး

ရွှေဘို စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းသီးနှံ လျာထားချက်ထက်ပိုမိုစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ရွှေဘိုမြို့နယ်၌ ပဲတီစိမ်းသီးနှံ ၂၆၅၁ ဧကစိုက်ပျိုးရန်အတွက်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၄၄၀၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“လက်ရှိ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ဧကထက် ကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့တယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်” ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

ယခုနှစ် ရွှေဘိုမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရန်၊ စိုက်ပျိုးရေးအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ တွေ့ကြုံလာသည့်ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။ (၄၀၉)

ကောင်းမြတ်ဂုဏ်သင်း တော်သလင်း

❖ လှေတော်ပြိုင်ပွဲ နွဲ့ချိန်လော နွဲ့ချိန်လော။
ဟုတ်တည်းရောင်းရင်း ရောင်းရင်း။
ဟုတ်တည်းပေါင်းသင်း ပေါင်းသင်း။
လှေသဘင်ခင်း၊ တော်သလင်း တော်သလင်း။

❖ သစ်ဆင်းလမှာ၊ ရွှေရင်းမာ
ဝေဆာပွင့်ကာရယ်၊ ပွင့်ကာရယ်။

❖ ပြည်ရွာတစ်ခွင်၊ ရှုတိုင်းပင်
အမြင်တင့်စေတယ်၊ တင့်စေတယ်။

❖ မိုးလေကင်းကွာ၊ မြစ်ပြင်မှာ
ရေလွှာပြန့်ပြူးတယ်၊ ပြန့်ပြူးတယ်။

❖ တော်သလင်းလ၊ သဘာဝ
သာစွချိန်ခါဝယ်၊ ချိန်ခါဝယ်။

❖ ရွှေးအခါတွင်၊ လှေသဘင်
ဆင်ယင်ကျင်းပတယ်၊ ကျင်းပတယ်။

❖ ထိုသို့ကျင်းပ၊ ပွဲတော်လှ
တွေးဆကြည့်လျှင်ကွယ်၊ ကြည့်လျှင်ကွယ်။

❖ လှေပြိုင်ပွဲဝင်၊ လူတိုင်းပင်
အားအင်သုံးကာရယ်၊ သုံးကာရယ်။

❖ အနိုင်ရရေး၊ ရှေးရှုတွေး
မနှေးလှော်ခတ်တယ်၊ လှော်ခတ်တယ်။

❖ တက်ညီလက်ညီ၊ အားမာန်ချီ
စွမ်းရည်ပြည့်ဝတယ်၊ ပြည့်ဝတယ်။

❖ အားပေးကြဟန်၊ လက်ခုပ်သံ
ဆူညံခြိမ့်သဲတယ် ခြိမ့်သဲတယ်။

❖ ကြားရမြင်ရ၊ အားပေးရ
တက်ကြွရွင်လန်းတယ်၊ ရွှင်လန်းတယ်။

❖ ကောင်းမြတ်ဂုဏ်သင်း၊ တော်သလင်း
ရင်တွင်းမှတ်ယူဖွယ် မှတ်ယူဖွယ်။

❖ တင့်သည်လော...၊ ပွင့်သည်လော...၊ ဝင့်သည်လော...။

မနောသစ်(ပခုက္ကူ)

မြဝတီရုပ်မြင်သံကြားအစီအစဉ် ၉-၉-၂၀၂၅(အင်္ဂါနေ့)

၁။	၀၆:၀၀	တရားတော်
၂။	၀၈:၀၀	မောင်မယ်လေးများသိစေချင်
၃။	၀၉:၀၀	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။	၁၁:၀၀	သီချင်းလက်ဆောင်
၅။	၁၂:၀၀	ကျန်းမာသုတ
၆။	၁၄:၀၀	ဝေမျှဆွေးနွေးလူငယ့်အရေး
၇။	၁၅:၀၀	တစ်ချိန်ကသူတို့အကြောင်း
၈။	၁၆:၀၀	မျိုးချစ်တပ်မတော်
၉။	၁၇:၀၀	မြန်မာသံစဉ်ချိုနားဝင်
၁၀။	၁၈:၀၀	နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၁။	၁၈:၃၀	ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။	၁၈:၄၀	မွေးမြူသုတ
၁၃။	**၁၉:၀၀**	**CGTN Nature အပိုင်း(၃၁)**

MWD Variety Channel ၉-၉-၂၀၂၅(အင်္ဂါနေ့)

၁။	၀၉:၄၅	စကားလက်ဆုံ
၂။	၁၁:၃၅	ဖတ်ပါမှတ်ပါ လေ့လာပါ
၃။	၁၄:၅၀	Sport Icon
၄။	၁၆:၃၀	သိမှတ်ဖွယ်ရာသုတကမ္ဘာ

စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲနှင့် စာအုပ်စာစောင်များ ပြသခြင်းဆောင်ရွက်

ပန်းတနော် စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် လူငယ်များဗဟုလါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားလာစေရန်၊ နှုတ်မှုစွမ်းရည်များဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များတိုးတက်လာစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများဖြစ်လာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၈ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ရွှေနော်သိရိခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပန်းတနော်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ(ဆယ့်နှစ်ရွာ)မှကျောင်းသား၊ ကျောင်းသူလေးဦးက ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ကာ မနန္ဒာမိုးသိမ့်က လူငယ်နှင့်ပညာရေး၊ မကြယ်စင်လင်းက လူငယ်နှင့်စာဖတ်ခြင်း၊ မရတနာလှိုင်က လူငယ်နှင့်အားကစား၊ မဝင်းပြည့်ပြည့်အောင်က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက်ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ**

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၈

မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

ကန့်ဘလူမြို့နယ်၌ ဆောင်းနှမ်းပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲကျင်းပ

ကန့်ဘလူ စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဆောင်းနှမ်းပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲကို စက်တင်ဘာလ ၇ ရက်က ကန့်ဘလူမြို့ အမှတ်(၁)ရပ်ကွက် ကွင်းအမှတ် (၅၆၅) ဦးပိုင်အမှတ်(၁၈) တောင်သူ ဦးအုံးကျော်၏ ယာမြေငါး၈ကွဲ့ ဆောင်ရွက်သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြိုင်က ဆောင်းနှမ်းပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့် အချက်များကိုရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။ ယင်းကွင်းသရုပ်ပြပွဲသို့ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဝန်ထမ်း ၁၆ ဦး၊ တောင်သူ ၂၆ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူခရိုင်၌ ဆောင်းသီးနှံစုံ ၄၀၉၆၇၇ ဧက စိုက်ပျိုးရန် လျာထားပြီး ဆီထွက်သီးနှံ ၃၅၂၃၄၁ ဧကအနက် ဆောင်းနှမ်း ၁၁၀၇၄၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး လျာထားဧကပြည့်မီကျော်လွန်စေရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ငဖဲမြို့နယ် အလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး


ငဖဲ စက်တင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစ်ဖျားကျေးရွာအုပ်စု အလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာလ ၇ ရက်က ဆောင်ရွက်ပေးကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါလမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးထံ ငွေကျပ်သိန်း ၃၀၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**



တိုက်ကြီးမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို စက်တင်ဘာလ ၇ ရက်က ကျင်းပသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆရာ့ဂုဏ်ရည်ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မြတ်ဆရာခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ကြပြီး ပြိုင်ပွဲကျင်းပနေမှုကို မြို့နယ်ပညာရေးမှူး ဒေါက်တာ မိုးစန္ဒာသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကဗျာပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပညာပြည့်ဝနလုံးလှ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ အခြေခံပညာ အလယ်တန်းအဆင့်၌ ထာဝရအလင်းရှင် ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။**ဝတ်ရည်(ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် သင်တန်းသားများစေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ မြဝတီ

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe တို့ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြစဉ်။



မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာမုံခွန်းဝိစစ်စတန်အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာမုံခွန်းဝိစစ်စတန်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ Mr. Ivan NOSOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင်နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်ပေးချေမှုများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးနည်းလမ်းများ၊ အဓိကအားဖြင့် အထူးအခွင့်ယ်ရှိပြီးငွေစာရင်းဆိုင်ရာ ငွေပေးချေမှုစနစ် (Special Rupee Vostro Account–SRVA Mechanism) မှတစ်ဆင့် ငွေပေးချေမှုများ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၉-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၄၅	၃၀၅၅	၃၀၂၅	၂၉၆၀	၃၀၆၅	၃၀၈၀	၃၀၉၅	၃၀၁၅	၄၅၀၅	၃၃၁၀	၃၀၃၀	၃၀၃၅	၃၀၈၅	၃၀၅၀	၃၀၉၀	၃၃၄၅
95 Ron	၃၀၁၀	၃၁၂၀	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၁၀၀	၃၀၈၀	၄၅၆၀	၃၃၀၅	၃၀၉၅	၃၀၀၀	၃၀၇၀	၃၀၃၅	၃၁၀၅	၃၁၁၀
HSD (500 ppm)	၂၅၆၀	၂၆၀၅	၂၆၄၀	၂၅၇၅	၂၆၈၀	၂၆၉၅	၂၇၁၀	၂၆၃၀	-	၂၉၂၅	၂၆၅၀	၂၆၅၀	၂၇၂၀	၂၆၈၅	၂၇၀၅	၂၆၆၅
HSD (50 ppm)	၃၁၇၀	၃၂၈၀	၃၂၅၀	၃၁၈၅	၃၂၉၀	၃၃၀၅	၃၃၂၀	၃၂၄၀	၄၈၃၀	၃၅၃၅	၃၂၆၀	၃၃၃၀	၃၃၉၀	၃၃၆၅	၃၃၁၅	၃၅၇၀
HSD (10 ppm)	၃၁၇၀	၃၂၈၀	၃၂၅၀	၃၁၈၅	၃၂၉၀	၃၃၀၅	၃၃၂၀	၃၂၄၀	-	၃၅၃၅	၃၂၆၀	၃၃၃၀	၃၃၉၀	၃၃၆၅	၃၃၁၅	၃၅၇၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၄၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၇၆	၂၈၆၅
95 Ron	၂၈၃၉	၂၉၂၉
HSD (500 ppm)	၂၄၀၄	၂၄၈၂
HSD (50 ppm)	၂၉၉၄	၃၀၈၃
HSD (10 ppm)	၂၉၉၄	၃၀၈၃

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာနည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ နည်းပညာအထောက်အကူပြု နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတိုးချဲ့ရုံးအဆောက်အအုံသစ်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးသန်းစိုး၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲရုံအသီးသီး၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံဝန်ထမ်းများအတွက် မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်နိုင်စေရန် အတွက်လည်း အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း။



ယခုသင်တန်းတွင် ရွေးကောက်ပွဲ၌ အသုံးပြုမည့် မဲပေးစက်များတွင် Battery တပ်ဆင်ခြင်း၊ ကိုယ်စားလှယ်လောင်း၊ ပါတီအမည်၊ ပါတီအမှတ်တံဆိပ်ပါစာရွက်များ ကပ်နှိပ်ခြင်းနှင့် မဲရုံများသို့ စက်များပို့ဆောင်ခြင်း စသည့်လုပ်ငန်းများကို အဆင့်လိုက် စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီးသူများအနေဖြင့် မြို့နယ်အလိုက် မဲပေးစက်ကို ကြိုတင်ဆောင်ရွက်ရမည့်အဖွဲ့များကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးရမည်ဖြစ်သည့်အတွက် အလေးထားမှတ်သားလေ့ကျင့်ကြရန် လိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍တရားမျှတသောဂုဏ်သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေးဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြု အဖွဲ့များအနေဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ နည်းပြဆရာဖြစ်သင်တန်းကို စက်တင်ဘာလ ၈ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **မြဝတီ**

ညောင်ရွှေမြို့ရှိ အားကစားကွင်းများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကွင်းဆင်းကြည့်ရှုပြီး ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့်တွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များနှင့် ဟူပင်ဟိုတယ်၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၃)ဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသင်တန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံ၍ ဧည့်သည်များလက်ခံနိုင်အောင်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့ရှိ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာတို့ ဟိုတယ်များ၏ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တည်းခိုနေထိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန သတင်းနှင့် ပြန်ကြားရေးကောင်တာ၌ ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များ၊ ခရီးသွားလမ်းညွှန်မြေပုံများနှင့် စာအုပ်၊ စာစောင်များ စီစဉ်ထားရှိမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ရှမ်းပြည်နယ်ကလောခရိုင် ညောင်ရွှေမြို့နယ်အားကစားကွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်များကြံ့ခိုင်မှုအခြေအနေ၊ အားကစားကွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ပြည်နယ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့တက်ရောက်ပြီး တတိယနေရာလုပွဲစဉ်အဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိသည့်အတွက် ပယ်နယ်တီဆက်လက်ကစားရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

မြဝတီ

အခြေခံစာရင်းကိုင်နှင့်ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၃၇) သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၈

အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၃၇) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ သင်တန်းသားများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့် တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က သင်တန်းမှရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများကို လုပ်ငန်းခွင်တွင် ထိရောက်စွာပြန်လည်အသုံးချကြရန်၊ စာရင်းပညာပြန့်ပွားစေရေး ပြန်လည်မျှဝေကြရန်နှင့် အလယ်အလတ်နှင့်အဆင့်မြင့်အဆင့်သင်တန်းများကိုဆက်လက်တက်ရောက်ပြီး ကိုယ်ပိုင်အရည်အသွေးပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့်ဌာနအကျိုးသယ်ပိုးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနစိုက်ပျိုးရေးဦးစီးဌာနမှသင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဌာနအဖွဲ့အစည်း ၃၂ ခုမှ နေပြည်တော်တွင် သင်တန်းသား ၃၇၀၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် သင်တန်းသား ၅၁၄ ဦး စုစုပေါင်း သင်တန်းသား ၈၈၄ ဦး တက်ရောက်ပြီး မြောက်ပြီး အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ တစ်ပြိုင်တည်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

ခိုင်မာသောဖွဲ့စည်းမှု မွန်မြတ်သောတာဝန် မှန်ကန်သောရပ်တည်ချက်တို့ဖြင့်

မဲဆန္ဒရှင်တစ်ဦး

ကျွန်ုပ်တို့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် နီးကပ်လာပြီဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲများကို ကြီးကြပ်ရမည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည်။ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များသည် လာမည့်အထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်ပေးရမည့်ပုဂ္ဂိုလ်များပင်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ လွှတ်တော်အလိုက် မဲဆန္ဒနယ်မြေများစာရင်းကိုလည်း သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်က ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ကြမည်ဖြစ်သည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ခုလုံးအတွက် ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲခြင်းတာဝန်များကို ထမ်းဆောင်ကြမည်ဖြစ်သည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်းမူဝါဒ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ကော်မရှင်က တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်အထိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရသည်။ တတိယအကြိမ်ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၄ အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များဖြင့်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ၊ အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်ဖြစ်သည်။ ဤပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းခြင်းမူဝါဒအရ အများယုံကြည်လေးစားခြင်းခံရသူကိုသာ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းဖြစ်သည်။ ဒေသအခြေအနေအရ အများယုံကြည်လေးစားခြင်းခံရသူ အခက်အခဲရှိလျှင် သင့်လျော်သော နိုင်ငံ့ဝန်ထမ်းအား ဥက္ကဋ္ဌတာဝန်ပေးအပ်နိုင်ရန် ဥပဒေရေးထုံးကို သင့်လျော်စွာဆောင်ရွက်ထားခြင်းဖြစ်သည်။ သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိက အတွင်းရေးမှူးတာဝန်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း မိမိတိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ကော်မရှင်၏ မူဝါဒနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရသည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားခြင်းခံရသူ အနည်းဆုံး ၃ ဦးပါဝင်ပြီး သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုစာရေးက အတွင်းရေးမှူးတာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ ပြည့်စုံရမည့် အရည်အချင်းသတ်မှတ်ချက် ၈ ချက်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၁ ချက်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် ၄ ချက်တို့ကို ဥပဒေဖြင့်ပြဋ္ဌာန်းထားသည်။ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူဆောင်ရွက်ရသည်။ ကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေက ပေးအပ်သည့် တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီ ရွေးကောက်ပွဲကို သမာသမတ်ကျစွာ လက်တွေ့ကျကျကြီးကြပ်ဆောင်ရွက်ရသည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သည်။ ယခုဖွဲ့စည်းတာဝန်ပေးအပ်လိုက်သော ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၌ တာဝန်ပေးအပ်ခြင်းခံရသူများသည် အာဏာရပါတီလောင်းရိပ်မရှိသဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းပြီး သမာသမတ်ကျကျ မှန်မှန်ကန်ကန်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များဖြစ်သည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်များ ဖွဲ့စည်းမှုမတူညီကြပါ။ အခြေခံအားဖြင့် ကော်မရှင် (Commission)၊ ကော်မရှင်နာများ (Commissioners)၊ ရွေးကောက်ပွဲအရာရှိများ (Returning Officers)၊ ရွေးကောက်ပွဲဝန်ထမ်းများ (Electoral Staffs) တို့ကို မဏ္ဍိုင်ပြု၍ ဖွဲ့စည်းလေ့ရှိကြသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့ဖြင့် စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်သည်။ ကော်မရှင်အဖွဲ့ခွဲများကို အများယုံကြည်လေးစားခြင်းခံရသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ရွေးကောက်ပွဲအရာရှိတို့ဖြင့် ဖွဲ့စည်းသည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း အနှစ်သာရ

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များကိုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားခြင်းသည်ဒေသခံမဲဆန္ဒရှင်ပြည်သူများက ယုံကြည်သော၊ ကြည်ညိုလေးစားသော ပုဂ္ဂိုလ်များဖြင့်ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ သမာသမတ်ကျစွာ ကြီးကြပ်ကျင်းပပေးခြင်း အနှစ်သာရကို ဖော်ဆောင်ထားခြင်းဖြစ်သည်။ ထို့ပြင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာများမှ ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းတာဝန်ပေးအပ်ထားသည့်ရည်ရွယ်ချက်မှာလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျစီမံခန့်ခွဲနိုင်ရန်၊ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းတာဝန်များကို ဌာနကိုယ်စား တာဝန်ထမ်းဆောင်ရန်နှင့် မိမိကော်မရှင်အဖွဲ့ခွဲအား အထောက်အကူပြုရန်အတွက် ဖြစ်သည်။

ကော်မရှင်ကကြီးကြပ်ရသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်းတွင် အများယုံကြည်လေးစားခြင်းခံရသည့်ပုဂ္ဂိုလ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိ/ အတွင်းရေးမှူးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲတာဝန်ကို သမာသမတ်ကျစွာဖြင့် စနစ်တကျတာဝန်ထမ်းဆောင်ရန် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်း အနှစ်သာရပင်ဖြစ်သည်။



ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်နေမှုကိုတွေ့ရစဉ်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၈ အရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ –

(၁) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(၂) လွှတ်တော်ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း၊

(၃) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(၄) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊

(၅) ရရှိသည့်ရန်ပုံငွေများကို စနစ်တကျသုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊

(၆) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့်ကြီးကြပ်စေခြင်း၊

(၇) ရွေးကောက်ပွဲနှင့် သက်ဆိုင်သောစာရင်းဇယားများနှင့် မှတ်တမ်းများကိုတိကျစွာ ပြုစုထိန်းသိမ်းခြင်း၊

(၈) လှုံ့ဖော်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊

(၉) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊

(၁၀) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊

(၁၁) ကော်မရှင်က ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်းတို့ဖြစ်သည်။

ဌာနဆိုင်ရာအဖွဲ့ဝင်များ၏ အခန်းကဏ္ဍ

ကော်မရှင်အဖွဲ့ခွဲများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှအဖွဲ့ဝင်သည် ရွေးကောက်ပွဲအတွက် နယ်မြေဒေသဆိုင်ရာ အချက်အလက်များ၊ မဲစာရင်းပြုစုရာတွင် အခြေခံရသည့် မြေပြင်လူဦးရေစာရင်းများ မှန်ကန်စွာရရှိရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စရပ်များကို အဓိကပါဝင်ဆောင်ရွက်ရသည်။ အဖွဲ့ဝင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးမှူးအဆင့်ဆင့် သည် မဲစာရင်းပြုစုရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းများ၊ နေထိုင်မှု၊ ပြောင်းဝင်/ ပြောင်းထွက်မှုစာရင်းများ မှန်ကန်စွာရရှိရေး၊ မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံသားဖြစ်မှုအခြေအနေများကို ဥပဒေနှင့်အညီ စိစစ်အတည်ပြုပေးရသည့်တာဝန်များကို အဓိကဆောင်ရွက်ရသည်။ အဖွဲ့ဝင်ဥပဒေအရာရှိများကလည်း ကော်မရှင်အဖွဲ့ခွဲအတွက် လိုအပ်သော ဥပဒေရေးရာအကြံဉာဏ်များကိုပေးအပ်ရသည်။ အဖွဲ့ဝင်ပညာရေးဌာနအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ထမ်းများ ခန့်အပ်ထားသည်ဖြစ်ရာ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် ပညာရေးဝန်ထမ်းများကိုဦးစားပေး၍ တာဝန်ပေးအပ်ရသည်။ အဖွဲ့ဝင်ပြည်သူ့ကျန်းမာရေးဌာနနှင့် စိုက်ပျိုးရေးဌာနတို့ကလည်း ပညာရေးဌာနနည်းတူ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်အထိ ဝန်ထမ်းများခန့်အပ်ထားသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အဆိုပါဝန်ထမ်းများကို တာဝန်ပေးအပ်ရသည်။ အဖွဲ့ဝင်စာရင်းစစ်အရာရှိအဆင့်ဆင့်သည် ကော်မရှင်၏ တာဝန်ပေးချက်ဖြင့် နိုင်ငံရေးပါတီများ၏ ပါတီပိုင်ပစ္စည်းနှင့် ရန်ပုံငွေစာရင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းများကို ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်အညီ စာရင်းကျွမ်းကျင်သူများဖြင့် စိစစ်ပေးရသည်။ စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိအဖွဲ့ဝင်သည် မြို့ပြစည်ပင်သာယာနယ်နိမိတ်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း စနစ်တကျဖြစ်စေရန် ကော်မရှင်အဖွဲ့ခွဲကို အထောက်အကူပြုပေးရသည်။ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များထုတ်ပြန်ခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းတို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှအဖွဲ့ဝင်ကကူညီဆောင်ရွက်ပေးရသည်။

ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဌာနဆိုင်ရာအရာထမ်းများသည် ရွေးကောက်ပွဲနှင့်ဆက်စပ်သောမိခင်ဌာန၏ လုပ်ငန်းတာဝန်အပြင် ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲက ပေးအပ်သည့်တာဝန်များကိုလည်း ထမ်းဆောင်ရန် တာဝန်ရှိသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အဖွဲ့စနစ်ဖြင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရသော

စာမျက်နှာ ၁၄ သို့ ❑

❑ **စာမျက်နှာ ၁၃ မှအဆက်**

အဖွဲ့အစည်းများဖြစ်သည်။ ကော်မရှင်အဖွဲ့ခွဲများတွင် အဓိကဦးဆောင်ပုဂ္ဂိုလ်များမှာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ရသူ ပဲ့ကိုင်ရှင်မှာ ရွေးကောက်ပွဲအရာရှိ/ အတွင်းရေးမှူးများပင်ဖြစ်သည်။ ထို့အတူ ရွေးကောက်ပွဲဆိုင်ရာ ဦးစီးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရသောရွေးကောက်ပွဲဝန်ထမ်းများသည်လည်း ကော်မရှင်၏အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၂ နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၄ တို့အရ ကော်မရှင်သည် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်အလို့ငှာ လိုအပ်မည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်နိုင်သည်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့၏ပင်မတာဝန်အပြင် ဌာနဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ပေးရသော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးကိစ္စရပ်များသည်လည်း မဖြစ်မနေလိုအပ်သည်။

ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ အခန်းကဏ္ဍ

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ်မှ မြို့နယ်အဆင့်ထိ ဖွဲ့စည်းမှုသည် ခိုင်မာပြီး စွမ်းဆောင်ရည်ရှိသော ကော်မရှင်အဖွဲ့ခွဲများအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သော်လည်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင်မူ အများယုံကြည်လေးစားခြင်းခံရသည့် ပုဂ္ဂိုလ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး (ရပ်ကွက်/ကျေးရွာအုပ်စုစာရေး) တို့ဖြင့်သာ ဖွဲ့စည်းနိုင်သည်။ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုခြင်းနှင့် စိစစ်ခြင်း၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများနှင့်မြေပြင်တွင် အနီးကပ်ထိတွေ့ဆက်ဆံရသူများဖြစ်ခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် ဆန္ဒမဲပေးခြင်းတို့ကို အနီးကပ်ကြီးကြပ်ကွပ်ကဲရသူများဖြစ်သည်။ သို့ဖြစ်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ အတွေ့အကြုံရင့်ကျက်မှုနှင့် ဥပဒေလုပ်ထုံးလုပ်နည်း နားလည်ကျွမ်းကျင်မှုတို့ လွန်စွာအရေးကြီးသည်ဖြစ်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်သည်။

မဲရုံအဖွဲ့များ၏ အခန်းကဏ္ဍ

ရွေးကောက်ပွဲနေ့တွင် မဲရုံတစ်ရုံ၏ ရည်မှန်းချက်အောင်မြင်ပြီးမြောက်မှုသည် မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်သည်။ မဲရုံများကို သတ်မှတ်ချက်နှင့်အညီ ခင်းကျင်းပြင်ဆင်ခြင်း၊ MEVM မဲပေးစက်များနှင့် မဲရုံသုံးပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲခြင်း၊ မဲရုံအတွင်း ငြိမ်ဝပ်ပိပြားမှုရှိစေရန် ကြီးကြပ်ခြင်း၊ မဲဆန္ဒရှင်များ လွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံအတွင်း စီမံခန့်ခွဲခြင်း၊ မဲရုံအတွင်း မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် စောင့်ကြည့်လေ့လာသူများအား စနစ်တကျနေရာချထားခြင်း၊ မဲရုံနှင့် မဲရုံပရိဝုဏ်အတွင်း အငြင်းပွားမှုများအား ဖြေရှင်းခြင်း၊ မဲရုံအလိုက် ဆန္ဒမဲများတွက်ချက်ခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ခိုင်လုံမဲ့ သို့မဟုတ် ပယ်မဲသတ်မှတ်ခြင်း၊ မဲရုံ၏ ဆန္ဒမဲရလဒ်စာရင်းများပြုစုခြင်းနှင့် ဆန္ဒမဲရလဒ်စာရင်းများ ထုတ်ပြန်ခြင်းတို့သည် ရွေးကောက်ပွဲဥပဒေက မဲရုံမှူးသို့ အပ်နှင်းထားသောတာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်သည်။

မဲရုံမှူး၏ကြီးကြပ်မှုဖြင့် ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက သတ်မှတ်ထားသည့် တာဝန်များကို ထမ်းဆောင်ကြရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သော ဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်ရသည်။ မဲရုံအဖွဲ့ဝင်များအဖြစ်ဝန်ထမ်းများအပြင် ယင်းမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင်သို့မဟုတ် ဒေသခံပြည်သူများဖြင့်လည်း သတ်မှတ်ဦးရေအတွင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်ဖြစ်ရာ ရွေးကောက်ပွဲတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးကြီးလှပေသည်။

ရွေးကောက်ပွဲတာဝန်ရှိသူတို့ လက်ကိုင်ပြုရမည့် အချက် ၆ ချက်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် ရွေးကောက်ပွဲတာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားရသည့် မွန်မြတ်သော တာဝန်ထမ်းဆောင်မှုဖြစ်ပြီး တာဝန်လည်းကြီးသည်။ ရွေးကောက်ပွဲကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရသူများအနေဖြင့် (၁) ဥပဒေနှင့် နည်းဥပဒေ၊ (၂) လုပ်ငန်းလမ်းညွှန်၊ (၃) အမိန့်နှင့် ညွှန်ကြားချက်၊ (၄) လုပ်ငန်းကျွမ်းကျင်မှု(၅) သမာသမတ်ကျမှု၊ (၆) ကျင့်ဝတ်စောင့်ထိန်းမှုဤအချက် ၆ ချက်ကို မယိမ်းမယိုင်လက်ကိုင်ပြု၍ သမာသမတ်ကျပြီး ဥပဒေနှင့်ညီညွတ်သော ရွေးကောက်ပွဲများအတွက် မှန်ကန်စွာရပ်တည်ဆောင်ရွက်ကြမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြီးကြပ်မှုဖြင့် လွတ်လပ်မျှတပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းများဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံအဖွဲ့များအနေဖြင့် ခိုင်မာသောဖွဲ့စည်းမှု၊ မွန်မြတ်သောတာဝန်၊ မှန်ကန်သော ရပ်တည်ချက်တို့ဖြင့် တာဝန်ကျေပွန်စွာဆောင်ရွက်ကြမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ဦးဆောင်ပုဂ္ဂိုလ်များဖြစ်ကြသော အများယုံကြည်လေးစားခြင်းခံရသူ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ပညာရှင်ပီသသော ရပ်တည်မှု၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၏ တာဝန်ကျေပွန်မှု၊ ရွေးကောက်ပွဲအရာရှိ /အတွင်းရေးမှူးများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ကော်မရှင်ဝန်ထမ်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုအခန်းကဏ္ဍအရေးကြီးပုံကို နိုင်ငံ့ဝန်ထမ်းမဲဆန္ဒရှင်တစ်ဦးအနေဖြင့် ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မော်လမြိုင် စက်တင်ဘာ ၈

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန်းခမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မော်လမြိုင်မြို့နယ်မှ ဆရာ၊ ဆရာမများက "စာတတ်မြောက်ရေး လူတိုင်းအရေး" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက စဉ်ဆက်ပညာရေးလုပ်ငန်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ မွန်ပြည်နယ် မြို့နယ်ရှစ်မြို့နယ်တို့တွင် စာသင်သား ၇၈၄၁ ဦး၊ စာသင်ဝိုင်း ၅၈၃ ဝိုင်း၊ နည်းပြ ၆၁၆ ဦးနှင့် ကြီးကြပ်ဂုဝ ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အဘက်ဘက်မှ တာဝန်ကျေပွန်စွာထမ်းဆောင်ကြပြီး လူသားတစ်ဦးချင်းစီကလည်း "စာမတတ်သူဝိုင်းလို့ကူ" ဟူသောဆောထုံဒ်နှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် ဆောင်ရွက်မှုမှတ်တမ်း Video Clip အားပြသပြီး အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စာသင်ကျောင်းမှ ခေါင်းလောင်းသံ" တေးသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး" တေးသီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေပေးအပ်ပြီး တက်ရောက်လာသော ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ရဲမှူထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တွေ့ဆုံပွဲကျင်းပ



ပဲခူး စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရဲဗလခန်းမ၌ စက်တင်ဘာလ ၇ ရက်တွင် ရဲမှူထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရဲမှူထမ်းဟောင်းများအတွက် အခြေခံစားသုံးကုန်ဆန်နှင့်ဆီကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ရဲမှူထမ်းဟောင်းမိသားစုရန်ပုံငွေအတွက် ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာသည့် ရဲမှူထမ်းဟောင်းအဖွဲ့ဝင်များက မြို့နယ်အလိုက် ရဲမှူထမ်းဟောင်းအဖွဲ့ဝင်များတိုးချဲ့ဖွဲ့စည်းထားရှိမှုနှင့် ရဲဝန်ထမ်းဟောင်းမိသားစုဝင်များ၏ သက်သာချောင်ချိရေး ဆိုင်ရာကိစ္စရပ်များ တင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာသည့် ရဲမှူထမ်းဟောင်းအဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ ရဲတပ်ဖွဲ့ဝင်မိသားစုများအတွက် အဝတ်အထည်များပေးအပ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

သစ်တောသစ်ပင်တို့ချစ်ခင် သစ်ပင်စိုက်ပျိုးဝင်ငွေတိုး

အမြဲမြဲအနယ်နယ်၌ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ

လားရှိုး



ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ စက်တင်ဘာလ ၈ ရက်တွင် ကျရောက်သည့် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဧခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက “ဝထကလသ” တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ခဲ့ပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဦးတင့်ဆွေက ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ Concept Note မြန်မာဘာသာပြန်ဆိုမှုအနှစ်ချုပ်အား ဖတ်ကြားခဲ့သည်။

ဆက်လက်၍ စာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်မှု (Video Clip) ကို ပြသပြီး အခမ်းအနားတွင် သီဆို ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများအားပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌကလည်းကောင်း၊ ပံ့ပိုးတီးခတ်ပေးခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)မှ ညွှန်ကြားရေးမှူးကလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်သည်။

ထို့နောက် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက “စာတတ်ချိန်တန်ပြီ” တေးသီချင်းအား ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

ခမောက်ကြီး



တနင်္သာရီတိုင်းဒေသကြီးကော့သောင်းခရိုင် ခမောက်ကြီးမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက အခြေခံပညာအလယ်တန်း ယုဇနကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းတွင်းပြိုင်ပွဲ၌ စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့်တွင် လူ့အဖွဲ့အစည်းတိုးတက်ဖို့ စာတတ်မြောက်ရေးကြိုးပမ်းစို့နှင့် ကဗျာပြိုင်ပွဲ အလယ်တန်းအဆင့်တွင့် စာမတတ်သူဖေးမကူ ခေါင်းစဉ်ဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၅၀ ဦး ဖြေဆိုယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲသီးသီးတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအစီအစဉ်ဖြင့် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းဖြတ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်အေးဝင်းခိုင်က စက်တင်ဘာလ ၈ ရက်သည် နိုင်ငံတကာစာတတ်မြောက်ရေးဖြစ်ကြောင်းနှင့် နောက်ခံသမိုင်းအကျဉ်းများ၊ ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး လုပ်ငန်းလှုပ်ရှားမှုများ၊ လူတစ်ဦးအောင်မြင်ရန်အခြေခံသည် စာတတ်မြောက်မှုဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် ခင်းကျင်းပြသထားသည့်သုတ၊ရသ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား၊ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)

မိုင်းပျဉ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့၌ မြို့နယ်အဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ကဗျာ၊ ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်ပညာရေးမှူးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကိုစတင်ရာ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အထက၊ အထက(ခွဲ)၊ အထက(မိုင်းမန်း)၊ အထက(မိုင်းပုအွန်)နှင့် မူလွန်အမက (ဝမ်ယန်း)ကျောင်းတို့မှ ကဗျာပြိုင်ပွဲတွင် အလယ်တန်းအဆင့် ခုနစ်ဦး၊ အထက်တန်းအဆင့်ခြောက်ဦး၊ ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ၁၀ ဦး၊ အထက်တန်းအဆင့်ခြောက်ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် မူလတန်းအဆင့်ခြောက်ဦး၊ အလယ်တန်းအဆင့်ခြောက်ဦး၊ အထက်တန်းအဆင့်ခြောက်ဦး စုစုပေါင်းကျောင်းသား၊ကျောင်းသူ ၄၇ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ကဗျာ၊ ပန်းချီနှင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား၊ကျောင်းသူများအား ကျောင်းသားစုံညီပွဲတော်ကျင်းပချိန်တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နန်းသန္တာဦး(ပြန်/ဆက်)



ကျိုင်းတုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာလ ၈ ရက်နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို ကျိုင်းတုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက စာတတ်မြောက်ရေးဝိုင်းကူပေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့၊ ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာတွေတိုးတက်လာတဲ့ခေတ်နှင့်အညီ ရှင်သန်လိုက်ပါနိုင်ဖို့ စာတတ်မြောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍအလိုက် ဆောင်ရွက်နေမှု(Video Clip)ပြသပြီး ကျောင်းသား၊ကျောင်းသူများက ပညာဘဏ်တိုက်သွားကြစို့ သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့ကြကြောင်းသိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်အဖွဲ့များမှပညာရှင်ဆရာကြီး၊ ဆရာမကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော် ဧမ္မူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “လူတိုင်းအတွက် ပညာရေး”သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့သည် ကုလသမဂ္ဂလက်အောက်ခံယူနက်စကိုအဖွဲ့ကြီးကကြီးမှူး၍ အီရန်နိုင်ငံတီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်မှ ၁၉ ရက်အထိ ၁၂ ရက်ကြာကျင်းပခဲ့သော ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှပညာရေးဝန်ကြီးများတက် ရောက် ခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်မှတစ်ဆင့် သဘောတူဆုံးဖြတ်ချက်ဖြစ်သည့် စက်တင်ဘာလ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားများ စတင်ကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါနေ့ရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ကြောင်း။

ယခုနှစ် UNESCO အဖွဲ့က ထုတ်ပြန်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ concept note တွင် ဒစ်ဂျစ်တယ်စနစ်၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုနှစ်မျိုးလုံးကို အကျယ်တဝင့်ဖော်ပြထားပြီး ယခုနှစ် အတွက်ထုတ်ပြန်ထားသည့် **“Promoting literacy in the digital era” “ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့”**ဟူသော ဆောင်ပုဒ်ပါအတိုင်း မြန်မာနိုင်ငံအတွင်း ကျောင်းပြင်ပပညာရေးကဏ္ဍများဖြစ်သည့် စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညီပညာရေးဖြစ်သည့် (ကျောင်းပြင်ပ မူလတန်းပညာရေးနှင့်ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်)များကို နှစ်အလိုက် ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမှသာ နိုင်ငံအတွင်းရှိ စာမတတ်သူဦးရေကို လျော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားထားသည့် “ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက်” နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမှသာ နိုင်ငံအတွင်း စာမတတ်သူဦးရေလျော့ချနိုင်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်လွန်ကျောင်းပြင်ပသို့ရောက်ရှိနေသည့် ကလေးဦးရေကိုပါ လျော့ချသွားနိုင်မည်ဖြစ်သဖြင့် မိသားစု၊ ရပ်ရွာဒေသများဖွံ့ဖြိုးလာပြီး ထိုမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုမို လုပ်ဆောင်လာနိုင်မည်ဖြစ်သလို ဖွံ့ဖြိုးမှုအညွှန်းကိန်းများ တိုးတက်လာမည်ဖြစ်သဖြင့် ယခုထက်ပိုမိုဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများ Video Clip ကို ပြသပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “စာတတ်မြောက်ရေးဝိုင်းကူပေး”သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ပဲခူး စက်တင်ဘာ ၈

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက “စာတတ်မြောက်ရေးဝိုင်းကူပေး” သီချင်းဖြင့် ၂၀၂၅ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီရန်အတွက် ယနေ့ခေတ်နည်းပညာများကို လေ့လာသင်ယူအသုံးချနိုင်ရေးအတွက် စာပေသည် မရှိမဖြစ်သောကြားခံဖြစ်၍ လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်းစဉ်ကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဗီဒီယိုပြသပြီး အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “အနာဂတ်ကိုပိုင်စိုးသူ”သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)ဖွင့်ပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အကဲဖြတ်ပညာရှင်များ၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲဝင် မျိုးဆက်သစ် အနုပညာရှင် လူငယ်မောင်မယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟိုဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစောဝင်းတို့နှင့်အတူ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် “ရွှေရောင်လွှမ်းခြုံ တိုင်းရန်ကုန်”တေးသီချင်း၊ “မြို့ဆိုင်မြူးကြွသူငယ်တော်အက”၊ “ခေတ်သုံးခေတ် နှစ်ပါးသွားအက”တို့ဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

နောက်ထပ်ကို(ပြန်/ဆက်)

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်



နေပြည်တော် စက်တင်ဘာ ၈

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း သုခပညာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “စာတတ်မြောက်ရေး ဝိုင်းကူပေး”တေးသီချင်းကို သီဆိုဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “လူတိုင်းအတွက်ပညာရေး” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး၏ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၈

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး၏ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေးဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံသားတိုင်း အခြေခံပညာမူလတန်းအဆင့် မသင်မနေရသတ်မှတ်ချက်ထက်တိုးမြှင့်ပြီး KG+9 အထိ အားလုံးသင်ကြားတတ်မြောက်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်မှု လျော့နည်းစေရေး၊ ကျောင်းနေအရွယ် လူငယ်တိုင်း ပညာသင်ကြားနိုင်ရေး မိဘများ၊ ဆရာများနှင့် တာဝန်ရှိသူများ အားလုံးက ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးဆောင်ပုဒ်ဖြစ်သည့် “ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးဖြင့်တင်စို့”ဟူသော ဆောင်ပုဒ်အတိုင်း ပညာရေးကိုဖြင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်တို့ကို ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်နှင့် သက်ဆိုင်သော ကောက်နုတ်ချက်များအား ဖတ်ကြားပြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip အား ပြသသည်။

ယင်းနောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်တို့က ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက “တို့အင် တို့အား” သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ၿငိးနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့က ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြခန်းများကိုလှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

လင်းခန့်

တနင်္သာရီတိုင်းဒေသကြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ

ထားဝယ် စက်တင်ဘာ ၈

“ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီဖို့ စာတတ်မြောက်ရေးဖြင့်တင်စို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် လူတိုင်း စာတတ်မြောက်ရေးနှင့် တိုက်ရိုက်အချိုးကျသလို တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော “ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးဖြင့်တင်စို့” ဆိုသည့်အတိုင်း စာတတ်မြောက်ရေးလုပ်ငန်းများကို အားလုံးက ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း



ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချီးမြှင့်ငွေကျပ်သိန်း ၅၀၀ ကိုပေးအပ်ပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့်ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကိုဂုဏ်ပြုဆုချီးမြှင့်ပြီး အခြေခံပညာဆရာ၊ ဆရာမများက “စာတတ်မြောက်ရေး ဂုဏ်ပြုတေး”သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်မှု Video Clip ကိုပြသပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ကလေးများအတွက် ဒီနေ့” သီချင်းဖြင့် သီဆိုဂုဏ်ပြုကြကြောင်းသိရသည်။ **မူမူအေး**

ရေကြီးမှုအခြေအနေသတင်း

နေပြည်တော် စက်တင်ဘာ ၈

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ လက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Further invitation in the interest of the Union

Armed groups, including those identified as PDFs, were invited in the interests of the Union to return to the legal fold, with the expectation of building a Union based on democracy and a federalism. Understanding the State's genuine goodwill, members of armed groups, including PDFs, who returned to the legal fold, have been handed back to their parents.

For the voter lists errors in the 2020 general election, requests to address the following were rejected. However, an attempt made to convene the Hluttaw based on the disputed election results was an attempt to seize State power by wrongful forcible means, according to Section 417 of the Constitution -

(a) rejecting the request to address the errors in the voter list and electoral fraud found during scrutiny

(b) rejecting the request to solve these errors by convening the special session of the Pyidaungsu Hluttaw

(c) rejecting the request to seek the best ways by the government, the Pyidaungsu Hluttaw and the Union Election Commission

(d) failure to take action over the two-time formal requests to convene the National Defence and Security Council to discuss the aforesaid measures

Such actions not only revealed the inability to transparently clarify the electoral fraud, but also showed that the then President himself was directly involved in the attempt to forcibly unlawfully seize State power, which constituted personal criminal misconduct beyond the duties assigned by the Constitution. Therefore, the Acting President declared a State of Emergency in accordance with the Constitution and transferred the State power to the Commander-in-Chief of Defence Services.

The Commander-in-Chief of Defence Services exercised State power in accordance with the Constitution for the Tatmadaw to scrutinize and expose electoral frauds in order to hold a free and fair election again. In this regard, groups such as the CRPH and NUG were illegally formed, attempting to present themselves as elected governments by spreading the acts of propaganda that the Tatmadaw had reversed democracy to misunderstand the people both at home and abroad. They misled the public and youth with false hopes and pushed them toward the path of armed struggle. The CRPH and NUG organized groups under the name of PDFs, sending them under the control of certain EAOs to obtain arms and ammunition. They also used the PDFs as tools in the terror activities and area expansion of some EAOs, thereby sacrificing the lives of the PDFs.

At present, as the government cooperates with neighbouring countries, some terrorist EAOs are finding it difficult to maintain their positions, and those identified as PDFs are also facing greater hardship. **Now is the time to recognize the reality that the setback to democracy has resulted from the path of armed struggle.**

The Union based on democracy and a federal system is aspired and shared in vision not only by the government, the people, the Tatmadaw, and political parties, but also by the PDFs. **The CRPH and NUG, however, who wear the mask of democracy and covet State power for themselves, have chosen the path of armed violence to maintain their claim as the so-called elected government. It is solely due to their obstruction that the journey toward democracy has been delayed and hindered.**

Armed groups, including PDFs, are once again invited to cooperate with the government and the Tatmadaw i**f they wish to contribute to the upcoming general election and help build a genuine, disciplined democracy and a Union based on democracy and a federal system, which everyone hopes for. They are welcome to work in the interests of the State and the regions, either individually or in groups, by contacting and coordinating with nearby military units and local authorities.**

Information Team

National Defence and Security Council

Wetlet Township cultivates over 4,000 acres of rainfed peanuts

WETLET September 8

A total of 4,260 acres of peanuts have been planted in Wetlet Township during this year rain crops planting season, according to the statistics of the Department of Agriculture for Wetlet Township.

Wetlet Township has planned to plant 5,986 acres of peanuts in the 2025-2026 rain crops planting season, and planting has begun since June this year, and 4,260 acres have been planted to date.

"We are also working to ensure that the target acres are met. As for oilseed crops, they are in a successful position. Peanut cultivation is increasing year by year," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

In Wetlet Township, one and a half baskets of peanut seeds are planted per acre, and the cultivation of peanuts costed more than Ks-200,000, including the costs of seed, labour, fertilizer, and pesticides. It is reported that more than 50 baskets are produced per acre.

SMK

Shwebo District cultivates over 1,000 acres of rainfed sunflowers

SHWEBO September 8

More than 1,000 acres of sunflowers have been planted during this year rain crops planting season in Shwebo District, Sagaing Region, according to the Department of Agriculture for Shwebo District.

Shwebo District is planning to plant 1,200 acres of sunflower during the 2025-2026 rain crops planting season, and planting has begun since June this year, and 1,075 acres have been planted so far.

"We are working to meet the target acres. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil crop. Sunflower, an oil crop, has more oil per acre than other peanuts and sesame. Sunflower is planted in the winter," said Daw Zar Zar Min, Assistant Director of the Department of Agriculture for Shwebo District.

This year, the total area of sunflower cultivation in Shwebo District is as per following: 36 acres in Shwebo Township, 782 acres in KhinU Township, 214 acres in Wetlet Township, and 43 acres in Kyaukmyaung Sub-Township, totalling 1,075 acres.

SK

YeU Township cultivates over 6,000 acres of rainfed paddy this year

YEU September 8

According to the data of YeU District Agriculture Department, local farmers have planted more than 6,000 acres of rainfed paddy in YeU Township of Sagaing Region.

In the 2025-2026 monsoon crop season, it has been planned to cultivate 81,662 acres of monsoon paddy in YeU Township. Cultivation began in June this year, and as of today, 6,723 acres have already been planted.

"This year, we've targeted over 80,000 acres of monsoon paddy cultivation in YeU Township. So far, over 6,000 acres have been planted. We are working to ensure the full targeted acreage is cultivated. Necessary technologies and quality seeds will be provided for monsoon paddy cultivation. Our teams are also conducting field visits to assist farmers in planting on time," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

To ensure systematic and smooth monsoon paddy cultivation this year, the respective township Department of Agriculture and local farmers are working together.

Farmers in YeU Township are being provided with agricultural technical assistance, pest and disease prevention awareness, guidance to avoid crop loss, and information on proper post-harvest handling—especially to ensure the harvested paddy is sheltered and stored in a timely manner.

In order to ensure successful and high-yielding monsoon paddy fields in YeU Township this year, the township agriculture department and its staff are actively conducting field-level technical support. This includes selecting and planting quality and pure seeds, preventing pest infestations, timely weeding and thinning, removing off-type plants, and properly using fertilizers in accordance with correct methods. **SK**



More than 2,000 acres of groundnut planted in Myinmu Township

MYINMU September 8

Statistics of Sagaing District Agriculture Department stated that local farmers planted more than 2,000 acres of groundnut as monsoon crops in Myinmu Township of Sagaing Region this year.

Local authorities earmarked cultivation of 26,980 acres of groundnut in Myinmu Township in 2025-2026 monsoon crop cultivation season, but local farmers planted 2,018 acres of crops against the target cultivation.

"This year, during the monsoon crop season, over 20,000 acres of groundnut cultivation have been planned for Myinmu Township. As of today, more than 2,000 acres have already been planted. Efforts are ongoing to achieve the full target acreage. As an oil crop, groundnut is performing well, and its cultivation has been improving year by year," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

In Myinmu Township, groundnut cultivation typically requires 1.5 baskets of seeds per acre. The total cost per acre—including seed expenses, labor, fertilizers, and pesticides—is over Ks-200,000. Farmers can expect a yield of over 50 baskets per acre.

To ensure success in this year's groundnut cultivation in Myinmu Township, staff members from the Township Department of Agriculture are conducting field visits to monitor crop conditions, prevent pest and disease outbreaks, and keep the fields weed-free. They are also maintaining inspection records to support effective crop management.

SMK

Farmers harvest 100 percent of summer sesame in Shwebo District

SHWEBO September 8

Local farmers have so far harvested all sown acreage of summer sesame in Shwebo District of Sagaing Region, according to the district Agriculture Department.

During this year's summer crop season, a total of 66,103 acres of summer sesame were cultivated in Shwebo District. Harvesting began in May, and as of now, all cultivated acreage has been fully harvested. The average yield was 17.44 baskets per acre.

"This year, in Shwebo District, we managed to cultivate 66,103 acres of summer sesame. At present, 100 percent of the sesame fields have been harvested. We also carried out efforts to expand sesame cultivation, improve yields, and promote cultivation practices using GAP (Good Agricultural Practices)," said Daw Zaza Min, Deputy Director of the Shwebo District Department of Agriculture.

By township, the harvested acreage in Shwebo District this year were 1,349 acres in Shwebo Township, 583 acres in KhinU Township and 64,171 acres in Wetlet Township, totalling 66,103 acres.

This year, relevant township agriculture departments provided education and support to farmers cultivating summer sesame in Shwebo District. The support included guidance on expanding cultivation, applying systematic farming methods and GAP techniques, using quality and pure seeds, and choosing high-yielding varieties.

SK

More than 200,000 acres of pulses and beans grown in Kanbalu Township



KANBALU September 8

A total of 207,303 acres of croplands have been placed under pluses and beans in Kanbalu Township of Sagaing Region during the monsoon this year, according to the township Agriculture Department.

Local authorities earmarked cultivation of 209,357 acres of pulses and beans in Kanbalu Township in 2025-2026 cultivation season, but local farmers planted 207,303 acres of crops against the target cultivation.

"This monsoon crop season, we have targeted a total of 209,357 acres for the cultivation of various types of pulses in Kanbalu Township. As of today, 207,303 acres have already been cultivated. We are continuing efforts to fully meet the target acreage.

In connection with pulse cultivation, educational programs are being conducted to encourage farmers to expand cultivation and to use quality and pure seeds in order to achieve better yields," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

As of now in the 2025-2026 monsoon season, a total of 207,303 acres of various pulses have been planted in Kanbalu Township. This includes 80,926 acres of green gram, 123,366 acres of pigeon pea, 2,225 acres of Blue phaseolus, 777 acres of butter bean, and 9 acres of other pulses, totalling 207,303 acres.

For this season, local authorities earmarked cultivation of 90,594 acres of green gram, 800 acres of butter bean, 2,300 acres of Blue phaseolus, 115,660 acres of pigeon pea, and three acres of other beans, totalling 209,357 acres.

To ensure good yield and quality in this year's pulse cultivation, the Department of Agriculture is working in collaboration with farmers by providing quality and pure seeds, necessary inputs, and knowledge on post-harvest handling technologies. **SMK**

China ready to advance Belt and Road cooperation with BRICS - Xi

BEIJING September 8

China is prepared to work together with BRICS countries to promote high-quality cooperation within the Belt and Road Initiative, Chinese President Xi Jinping said during a virtual BRICS summit on Monday.

Brazil, at the initiative of President Luiz Inacio Lula da Silva, is holding an extraordinary virtual summit of BRICS member states on Monday to discuss the trade policy of US President Donald Trump.

"China is ready to work with fellow BRICS countries to implement the Global Development Initiative and advance high-quality Belt and Road cooperation," Xi was quoted as saying by the Chinese Foreign Ministry.

The Belt and Road Initiative is a global infrastructure development project launched by China in 2013. Inspired by the ancient Silk Road, it aims to connect China to Central Asia, Russia, and Europe by land, and to Southeast Asia, the Middle East, and Africa to Latin America and the Caribbean by sea. It currently includes more than 150 nations.

On Monday, Chinese Foreign Ministry spokesman Lin Jian announced that the Chinese leader would hold in-depth exchanges of views with leaders of other countries during the virtual summit on the current economic situation, multilateral organizations, the BRICS multilateral cooperation system and other major issues of mutual interest. The spokesman said that China was ready to work with all parties to advance openness, inclusiveness and mutually beneficial cooperation within BRICS, jointly build a fairer and more rational global governance system, as well as contribute to advancing an equitable and orderly multipolar world and inclusive economic globalization.



BRICS is an intergovernmental association created in 2006. In addition to Brazil, Russia, India, China, and South Africa, it now includes Egypt, Ethiopia, Iran, Indonesia and the United Arab Emirates. Malaysia, along with Belarus, Bolivia, Kazakhstan, Thailand, Cuba, Uganda, Nigeria, Uzbekistan and Vietnam are BRICS partner countries since January 1.

Sputnik

About 30 injured in Czech bus accident



PRAGUE September 8

About 30 people were injured after a bus carrying students overturned in the Moravian-Silesian region of northeastern Czech Republic on Monday, police and rescuers said.

The accident happened in the morning in Stare Hamry. Regional fire rescue officials said all 32 students on the bus were injured. Citing rescuers, Czech Television reported that two adults were also hurt. It said most of the injuries were minor to moderate and no lives were at risk. Four of the injured have been transported to hospital.

Police said the bus, bound for a ski resort, veered off the road, struck an electric pole and overturned on its side. A technical malfunction is being considered as a possible cause, and the accident is now under investigation as a general endangerment due to negligence.

Local media reported that the high school students were from the regional capital, Ostrava.

Xinhua

Trump gives another 'last warning' to Hamas

WASHINGTON September 8

US President Donald Trump has issued a "last warning" to Hamas, demanding the Palestinian militant group release Israeli hostages held in Gaza.

Trump warned of unspecified consequences if Hamas refuses to cooperate, in a post on his Truth Social platform on Sunday.

"The Israelis have accepted my terms. It is time for Hamas to accept as well. I have warned Hamas about the consequences of not accepting. This is my last warning," the US president said without providing further details.

Hours after Trump made the remarks, Israeli Defence Minister Israel Katz threatened Hamas with annihilation and demanded the Palestinian militants lay down their arms.

"This is a final warning to the Hamas murderers and rapists in Gaza and in luxury hotels abroad: Release the hostages and put down your weapons – or Gaza will be destroyed and you will be annihilated," Katz wrote on X.

Hamas has signaled readiness to "immediately sit at the negotiating table" after hearing what it described as "some ideas from the American side aimed at reaching a ceasefire agreement."

The latest "last warning" echoed a threat made by Trump in March, when he urged Hamas to immediately release all the living hostages and turn over the bodies of the deceased or end up "dead."

Hamas took around 250 people hostage during the October 7, 2023 surprise attack on southern Israel that left at least 1,200 people dead and prompted the ongoing conflict in Gaza.

The group is believed to still hold in custody nearly 50 of them, with around half presumed to still be alive.

The conflict, which has dragged on for nearly two years, has taken a heavy toll on the Palestinian enclave, leaving at least 64,000 dead, according to the local health authorities.

RT

Seven killed in road accident in Pakistan's Sindh Province

ISLAMABAD September 8

At least seven members of a family were killed when a speeding truck collided with a car in Pakistan's southern Sindh Province, police said on Monday.

The accident occurred on the National Highway in Naushehro Feroze District, where a trailer rammed into a car carrying the family, police told media.

According to the police, the mishap occurred as the car suddenly braked for a vehicle ahead, after which a trailing truck smashed into it on a damaged section of the highway under repair.

Authorities said both directions of traffic were using a single lane on the national highway due to ongoing construction.

Road accidents in Pakistan have become an alarming issue, with a significant increase in both frequency and severity over the years.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

More eye conditions could be treated on the high street under new rules to allow optometrists and opticians access to more medicines

More eye conditions could be treated on the high street under new rules to allow optometrists and opticians access to more medicines.

The Government will give the eye experts a greater role in diagnosing patients and prescribing drugs for the likes of dry eye, severe allergy and bacterial conjunctivitis.

Optometrists and opticians would be allowed to issue patients with a prescription to take to a local pharmacy - or supply or administer the drugs themselves in an emergency.

The move is aimed at shifting more care into the community and easing pressure on GPs.

Ministers have launched a 12 week consultation on the proposed changes to laws on who can prescribe controlled medication for eye care.

Health Minister Stephen Kinnock, said: 'Through our Plan for Change we are shifting more care out of hospital and into the community – getting care to patients' doorsteps by empowering healthcare professionals in communities.

'These proposed changes would unlock the full potential of optometrists and contact lens opticians, cutting red tape and making it easier for patients to get treatment for minor eye conditions, such as allergic conjunctivitis, without the need to visit their GP or hospital unnecessarily – freeing up appointments in hospital and primary care.'

The medicines include acetylcysteine, which is used to treat tear film abnormalities in the management of dry eye where usual methods are not working.

Diclofenac sodium could be prescribed for pain and inflammation after cataract surgery, and to treat seasonal allergic conjunctivitis.

And azithromycin could be used to treat bacterial conjunctivitis alongside the strong antibiotic gentamicin, which can also be used for other infections.

Other drugs that could be prescribed include atropine sulphate and homatropine hydrobromide, which are used to relax the eye to enable accurate eye tests.

This is useful for children and could prevent youngsters needing to go to hospital for a sight test.

Elsewhere, drugs for allergic eye conditions include azelastine hydrochloride, ketotifen, olopatadine and lodoxamide, while other medicines could also be given in an emergency for patients with suspected acute angle closure glaucoma who would otherwise need to go to hospital.

A string of other medicines could also help optometrists and contact lens opticians with the removal of foreign bodies from the eye.

Dr Paramdeep Bilkhu, clinical adviser at the College of Optometrists, said: 'Enabling optometrists to supply a wider range of prescription-only medicines will ensure more patients



receive effective treatment for many common minor eye conditions at their local optical practice, without having to be referred to a prescriber or wait for a GP appointment.

'If these proposals are agreed and implemented, optometrists can continue to play a key role in reducing the burden on A&E departments and GPs, who often lack the specialist ophthalmic training and equipment needed to handle most eye conditions.

'By expanding the number of medicines that all optometrists can supply to patients, optometrists' core skills will be better utilised to improve patient outcomes and experiences, particularly where commissioned acute eye care services are available.

'We urge our members, all healthcare professionals and the public to support these proposals to improve eye care in the community.'

Mail Online

Common heart drug taken by millions could raise risk of death for certain group, shock research finds



Heart attack patients are needlessly taking beta blockers and the drug could even raise the risk of death, landmark research has suggested.

The daily tablets, which can trigger fatigue, nausea and even sexual dysfunction, are offered to the majority of patients who suffer a heart attack.

Around 60,000 people are prescribed beta blockers every year in the UK and many will remain on the pills for life.

But a Spanish trial, involving more than 8,000 adults, has found the medication was ineffective and did not help reduce the risk of death or further heart attacks.

Women treated with beta blockers even had a higher risk of death, heart attacks, or hospitalisation for heart failure compared to women not receiving the drug.

Experts said the research must change the way heart attack patients are now treated around the world, freeing hundreds of thousands from uncomfortable side effects.

Dr. Valentin Fuster, general director of the National Centre for Cardiovascular Research in Madrid, said: 'These findings will reshape all international clinical guidelines on the use of beta blockers in men and women and should spark a long-needed, sex-specific approach to treatment for cardiovascular disease.

'We found no benefit in using beta blockers for men or women with preserved heart function after [having a] heart attack despite this being the standard of care for some 40 years.'

In the study, researchers tracked 8,505 patients across 109 hospitals whose heart function was above 40 per cent.

They were randomly assigned to either take a beta blocker or not to take a beta blocker, within two weeks of leaving the hospital.

All patients otherwise received the current standard of care.

Over roughly four years, the scientists found there was no significant difference when it came to rates of death from any cause, repeat heart attacks or hospitalisation for heart failure between the two groups.

However, when assessing women's results specifically, they found women who were treated with beta blockers were significantly more likely to have another heart attack or be hospitalised for heart failure.

They also had a 2.7 percent higher risk of death compared to those not treated with beta blockers.

The findings were published in the European Heart Journal and presented at the European Society of Cardiology Congress in Madrid.

Mail Online

တစ်မိနစ်ကို ကျည် ၄၅၀၀ ထွက်အားနှုန်းနဲ့ စစ်သင်္ဘောများကိုကာကွယ်ပေးမယ့် သေနတ်



အမေရိကန်ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကုမ္ပဏီတစ်ခုဖြစ်တဲ့ ရေးသီယွန်ကုမ္ပဏီက ပင်တဂွန်စစ်ဌာနချုပ်ကနေ အမေရိကန်ဒေါ်လာ ၂၀၅ သန်းတန်ဖိုးရှိတဲ့ ကန်ထရိုက်စာချုပ်တစ်ခုကိုလက်ခံရရှိလိုက်ပါတယ်။ အဲဒီစာချုပ်အရ ရေးသီယွန်ကုမ္ပဏီက အမေရိကန်ရေတပ်ရဲ့ MK 15 Phalanx အမျိုးအစား အနီးကပ်ပစ်ခတ်တိုက်ခိုက်ရေးစနစ်ကို အဆင့်မြှင့်တင်ပေးဖို့ဖြစ်ပါတယ်။

ဒီလိုမျိုးသဘောတူစာချုပ်ကို ချုပ်ဆိုလိုက်ခြင်းအားဖြင့် အမေရိကန်ရေတပ်ရဲ့ စစ်သင်္ဘောများက သူတို့ရဲ့နောက်ဆုံးခံစစ်စည်းအဖြစ် Phalanx စနစ်အပေါ် မှီခိုအားထားနေရဆဲဆိုတာကို ပေါ်လွင်စေပါတယ်။ အထူးသဖြင့် သင်္ဘောဖျက်ဒုံးကျည်များ၊ လေယာဉ်များနဲ့ ရေယာဉ်စုကာကွယ်ရေးစနစ်များကို ဖောက်ထွင်းပြီး ဝင်ရောက်လာတဲ့ အန္တရာယ်များကနေ ကာကွယ်ပေးဖို့ဖြစ်ပါတယ်။

အခုအဆင့်မြှင့်တင်သွားမယ့် လက်နက်စနစ်က တခြားကာကွယ်ရေးစနစ်တွေနဲ့ မတူတဲ့ရှာဖွေခြင်း၊ ထောက်လှမ်းခြင်း၊ ခြေရာခံခြင်း၊ ချေမှုန်းခြင်းနဲ့ ချေမှုန်းမှုပြန်လည်ဆန်းစစ်ခြင်းတို့ကို သီးခြားလွတ်လပ်စွာ လုပ်ဆောင်နိုင်ပါတယ်။ အထင်ရှားဆုံး စွမ်းဆောင်ရည်တစ်ခုက ဒုံးကျည်များနဲ့ လေယာဉ်များဆိုရင် တစ်မိနစ်ကို ကျည်ဆန် အတောင့် ၄၅၀၀ နှုန်း၊ အသေးစားပစ်မှတ်များကို ကျည်ဆန်အတောင့် ၃၀၀၀ နှုန်းနဲ့ ပစ်ခတ်နိုင်တာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

တိုက်ခိုက်ရေးဒရုန်းများကို ချေမှုန်းမယ့် လေဆာလမ်းညွှန်ဒုံးများ



အမေရိကန်ရဲ့ F-15E တိုက်ခိုက်ရေးလေယာဉ်တွေက လက်နက်စနစ်အသစ်တစ်မျိုးကို လက်ခံရရှိလိုက်ပါတယ်။ အဲဒီလက်နက်စနစ်က AGR-20F Advanced Precision Kill Weapon System II လို့ခေါ်တဲ့စနစ်ဖြစ်ပါတယ်။ အဲဒီစနစ်မှာ လေဆာလမ်းညွှန်စနစ်ကို အသုံးပြုပေးထားတဲ့ ဒုံးကျည်များပါဝင်ပါတယ်။ အထူးသဖြင့် ဒရုန်းတွေကိုပစ်မှတ်ထားပြီး ချေမှုန်းဖို့ ဒီဇိုင်းဆွဲထားတာပါ။

လေတပ်အနေနဲ့ ဒီလက်နက်စနစ်ကို F-15E မှာတပ်ဆင်ပေးရခြင်းက F-16 Fighting Falcon တိုက်လေယာဉ်တွေနဲ့ အတူ မောင်းသူမဲ့လေယာဉ်တွေကိုကုန်ကျစရိတ်သက်သာစွာချေမှုန်းနိုင်ဖို့အတွက် ရည်ရွယ်တာဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။

ပုံမှန်အားဖြင့် တိုက်လေယာဉ်တွေမှာ အပိုဆောင်းစစ်လက်နက်ပစ္စည်းအသစ်တွေကို တပ်ဆင်မှုမလုပ်ခင်မှာ စမ်းသပ်မှုတွေကို အရင်လုပ်ရပါတယ်။ အဲဒီလိုစမ်းသပ်ခြင်းကြောင့် လေယာဉ်အနေနဲ့ပျံသန်းပြီးပစ်ခတ်စဉ်မှာ ဘယ်လိုမျိုးနှောင့်ယှက်မှု၊ ဘေးဖြစ်စေမှုတို့ကိုမဆို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် လေတပ်က အဲဒီလက်နက်စနစ်ကို တိုက်လေယာဉ်တွေမှာတပ်ဆင်ပြီး လက်တွေ့စမ်းသပ်မှုတွေလုပ်ဆောင်ရာမှာ အောင်မြင်မှုများစွာရရှိထားရုံသာမက ဘေးကင်းစိတ်ချရမှုနဲ့ပတ်သက်လို့လည်း စမ်းသပ်မှုကိုအောင်မြင်ထားတယ်လို့ လေတပ်ရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ **Ref: IE**

ကိုထက်

တစ်စက္ကန့်ကို ၁ ကီလိုမီတာအမြန်နှုန်းနဲ့အားသွင်းနိုင်စေမယ့် Changan ရဲ့ Nevo A06




တရုတ်နိုင်ငံမှ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Changan က သူတို့ရဲ့နောက်ဆုံးပေါ် ဆီဒင်ကားတစ်မျိုးဖြစ်တဲ့ Nevo A06 ကို တရားဝင်ထုတ်ဖော်မိတ်ဆက်လိုက်ပါပြီ။ သူက ဘက်ထရီ-လျှပ်စစ်စွမ်းအင်သုံးယာဉ် (BEV)နဲ့ ခရီးဝေးသွားလျှပ်စစ်စွမ်းအင်သုံးယာဉ် (EREV)ဆိုပြီး အမျိုးအစားနှစ်မျိုးနဲ့ထွက်ရှိလာတာပါ။

ဘယ်လိုအမျိုးအစားမဆိုဖြစ်စေ သူတို့သုံးထားတဲ့အခြေခံနည်းပညာက အဆင့်မြင့် 6C ဘက်ထရီဖြစ်ပြီး အဲဒီနည်းပညာကြောင့် ကားကိုအားသွင်းရာမှာ အလွန်လျင်မြန်လှတဲ့နှုန်းနဲ့အားသွင်းနိုင်မှာဖြစ်ပါတယ်။ နှုန်းကတော့ တစ်စက္ကန့်ကို ၁ ကီလိုမီတာနှုန်းနဲ့ပါ။ ဒါဟာ ဆီဒင်ကားတွေထဲမှာ အားသွင်းအမြန်ဆုံးနှုန်းဖြစ်ပါတယ်။

ဝယ်ယူသူတွေအနေနဲ့ BEV အမျိုးအစားထဲမှာ ဘက်ထရီပါဝင်မှုပမာဏသုံးမျိုးထဲကမှ ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ စွမ်းရည်အမြင့်ဆုံးရွေးချယ်မှုကတော့ မိုင်ပေါင်း ၃၉၁ မိုင်အထိသွားနိုင်စေမှာဖြစ်ပါတယ်။ EREV အမျိုးအစားယာဉ်မှာ လျှပ်စစ်စွမ်းအင်ကိုအသုံးပြုထားတဲ့အပြင် မြင်းကောင်ရေ ၉၇ ကောင်အားရှိတဲ့ အင်ဂျင်တစ်လုံးကိုပါ တပ်ဆင်ပေးထားပါတယ်။ သူက လျှပ်စစ်စွမ်းအင်သီးသန့်နဲ့တင် ၁၁၂ မိုင်သွားနိုင်မှာပါ။ **Ref: IE**

ကိုထက်

ပုန်းကွယ်နေတဲ့ကင်ဆာအကျိတ်များကို ထိရောက်စွာချေမှုန်းပေးမယ့် အအေးပေးပလာစမာ



ဂျာမနီနိုင်ငံရှိ Leibniz Institute for Plasma Science and Technology (INP) မှ သုတေသနပညာရှင်များက ပုန်းကွယ်နေတဲ့ ကင်ဆာအကျိတ်များကို အောင်မြင်စွာချေမှုန်းတိုက်ဖျက်နိုင်မယ့်နည်းလမ်းတစ်မျိုးကို ဖန်တီးလိုက်နိုင်ပါတယ်။ သူတို့ရဲ့ဖန်တီးမှုကတော့ အအေးပေးပလာစမာပါပဲ။

အအေးပေးပလာစမာက တစ်သျှူးရဲ့ နက်ရှိုင်းတဲ့အတွင်းပိုင်းအလွှာထဲမှာပုန်းအောင်းနေတဲ့ ကင်ဆာအကျိတ်များကို အောင်မြင်စွာ ဖျက်ဆီးလိုက်နိုင်တယ်လို့ ပညာရှင်များရဲ့ သုတေသနမှာထုတ်ပြန်ထားပါတယ်။

ပလာစမာဆိုတာက အိုင်းယွန်းအသွင်သို့ကူးပြောင်းထားတဲ့ ဓာတ်ငွေ့တစ်မျိုးဖြစ်ပြီး ဓာတုဗေဒနည်းအရ တုံ့ပြန်မှုရှိတဲ့ မော်လီကျူးများကိုဖြစ်ပေါ်စေပါတယ်။ ဒီလိုမျိုးသက်တမ်းတိုတဲ့မော်လီကျူးများက အသက်ရှိနေဆဲဖြစ်စေ၊ မရှိတော့သည်ဖြစ်စေ တည်ရှိနေတဲ့ ကင်ဆာအကျိတ်များကို အောင်မြင်စွာချေမှုန်းလိုက်နိုင်တာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

သန္တာကျောက်တန်းများက မျက်စိများမပါသော်လည်း အလင်းရောင်ကိုမြင်တွေ့နိုင်ဟုဆို



ဂျပန်သုတေသနပညာရှင်များပြုလုပ်တဲ့ လေ့လာမှုတစ်ခုမှာ သန္တာကျောက်တန်းများက မျက်စိများမပါသော်လည်း အလင်းရောင်ကိုမြင်တွေ့နိုင်တယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။ အဲဒီသန္တာကျောက်တန်းများက သူ့ရဲ့ပတ်ဝန်းကျင်မှာတွေ့ရလေ့ရှိတဲ့ ကလိုရိုက်အိုင်းယွန်းများကိုသုံးခြင်းအားဖြင့် သူတို့ရဲ့အလင်းရောင်အာရုံခံစနစ်ကို ခရမ်းလွန်ရောင်ခြည်နဲ့ အလင်းရောင်တို့ကြား သိရှိမှုကိုပြောင်းလဲပေးတာဖြစ်တယ်လို့ သုတေသီများကပြောထားပါတယ်။

အိုဆာကာတက္ကသိုလ်ရဲ့ သိပ္ပံကျောင်းမှ သုတေသီများလုပ်ဆောင်တဲ့ သုတေသနတစ်ခုမှာ အခုလိုတွေ့ရှိထားတာဖြစ်ပါတယ်။ ဒီတွေ့ရှိချက်က သန္တာကျောက်တန်းများအနေနဲ့ သမုဒ္ဒရာမှာ အက်စစ်ဓာတ်များခြင်းကဲ့သို့သော ရာသီဥတုပြောင်းလဲမှုမှထွက်ပေါ်လာတဲ့အန္တရာယ်များကို ဘယ်လိုမျိုးတုံ့ပြန်လဲဆိုတာနဲ့ပတ်သက်ပြီး သိရှိနိုင်စေဖို့အတွက် ကူညီပေးနိုင်မှာဖြစ်တယ်လို့ ပညာရှင်များကပြောပါတယ်။

ဒါ့အပြင် သန္တာကျောက်တန်းများအနေနဲ့ ခရမ်းလွန်ရောင်ခြည်ကိုအာရုံခံနိုင်မှုနဲ့ အလင်းရောင်ကိုမြင်တွေ့နိုင်မှုစွမ်းရည်တို့ကို အပြောင်းအလဲလုပ်ဆောင်နိုင်စွမ်းက ပင်လယ်ရေမှော်များနဲ့ပတ်သက်နေတယ်လို့ဆိုပါတယ်။ **Ref: IE**

ကိုထက်

ပါကစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲမှုအပေါ် ဆန္ဒပြမှုများအတွင်း အနည်းဆုံး လူ ၆၀ အဖမ်းခံရ

ကရာချီ၊ ပြည်တွင်းရေး

ပါကစ္စတန်နိုင်ငံ၌ဖြစ်ပွားသော အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ ပြည်သူများက ဆန္ဒပြမှုများလုပ်ဆောင်ရာ ရဲတပ်ဖွဲ့ကအနည်းဆုံးလူအယောက် ၆၀ ကို ဖမ်းဆီးလိုက်ကြောင်းနှင့် မျက်ရည်ယိုဗုံးများအသုံးပြု၍ လူစုခွဲလိုက်ရကြောင်း တာဝန်ရှိသူများက စက်တင်ဘာလ ၈ ရက်တွင်ပြောသည်။

စက်တင်ဘာလ ၂ ရက်တွင်လုပ်ဆောင်သည့် လူထုစည်းဝေးပွဲတစ်ခုတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခြင်းကြောင့် လူ ၁၅ ဦးသေဆုံးရမှုနှင့်ပတ်သက်၍ ဘာလိုချီစတန်ပြည်နယ်ရှိမြို့များစွာ၌ ပြည်သူများကဆန္ဒပြမှုများလုပ်ဆောင်ခြင်းဖြစ်သည်။

အဆိုပါဆန္ဒပြမှုများအတွင်း ပြည်နယ်၏မြို့တော်ဖြစ်သည့် ကတ်တာမြို့၌ လမ်းများကိုပိတ်ဆို့ထားသော ဆန္ဒပြသူများကို ရဲတပ်ဖွဲ့ကဖမ်းဆီးပြီး ဆန္ဒပြမှုများကိုဖြိုခွဲရန် မျက်ရည်ယိုဗုံးများကိုအသုံးပြုလိုက်ရကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဘာလိုချီစတန်အမျိုးသားပါတီက အားကစားခန်းမတစ်ခုတွင်ပြုလုပ်သည့် လူထုစည်းဝေးပွဲ၌ IS စစ်သွေးကြွအဖွဲ့က အသေခံဗုံးခွဲတိုက်ခိုက်မှုလုပ်ဆောင်ခြင်းဖြစ်သည်ဟု အဆိုပါစစ်သွေးကြွအဖွဲ့က ထုတ်ပြန်ထားသည်။

Ref: SCMP

အမေရိကန်က စစ်ရေယာဉ်များစေလွှတ်ဖြန့်ကြက်လာမှုများကြောင့် ဗင်နီဇွဲလားနိုင်ငံက စစ်သည်အင်အားတိုးမြှင့်ဖြန့်ကြက်



ကရားကပ်၊ စစ်ရေး

ဗင်နီဇွဲလားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား တင်းမာမှုများမြင့်တက်နေစဉ် အမေရိကန်က စစ်ရေယာဉ်များစေလွှတ်ဖြန့်ကြက်ပြီးနောက် ဗင်နီဇွဲလားအစိုးရက နိုင်ငံ၏ကမ်းရိုးတန်းဒေသများ၌ စစ်သည်အင်အားကို တိုးမြှင့်ဖြန့်ကြက်လိုက်ကြောင်း သိရသည်။ အမေရိကန်အစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်သည်ဟုဆိုကာ ကာရေဘီယံပင်လယ်တောင်ပိုင်းဒေသသို့ စစ်ရေယာဉ်များကို ပြီးခဲ့သည့်လတွင် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုက ရန်ိုင်သမျှသောစစ်သည်များနှင့် စစ်လက်နက်ပစ္စည်းများကို ထုတ်နုတ်၍ ဇူလီယာ၊ ဖယ်ကွန်၊ နျူးဗား၊ အက်စပါတာ၊ ဆူခရေးနှင့် အာမာကူရိုမြစ်ဝကျွန်းပေါ်ဒေသတို့သို့ စေလွှတ်ဖြန့်ကြက်ရန်အမိန့်ပေးထားကြောင်း ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီး ပါဒရီနိုလိုပက်က စက်တင်ဘာလ ၈ ရက်တွင်ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းဒေသများတွင် စစ်သည်အင်အား ၁၀၀၀၀ မှ ၂၅၀၀၀ ကို ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အဆိုပါနယ်မြေများသည် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုလုပ်နေသည့်နယ်မြေများဖြစ်သည်ဟု သတ်မှတ်ခံထားရစဉ် ထိုမြေများသို့ မည်သူကမျှခြေချနိုင်ခြင်းမရှိစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါဒရီနိုကပြောထားသည်။ ထို့ကြောင့် ပြီးခဲ့သည့်လမှာပင် ဗင်နီဇွဲလားအစိုးရက ထိုဒေသများသို့ စစ်သည်အင်အား ၁၅၀၀၀ ကို ဖြန့်ကြက်ချထားပြီးဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်တွင် အမေရိကန်စစ်ရေယာဉ်တစ်စင်းက ဗင်နီဇွဲလားမှ မူးယစ်ဆေးဝါးများသယ်ဆောင်ဟသည်ဟုအခိုင်အမာပြောထားသည့် လှေတစ်စင်းကိုပစ်ခတ်မှုလုပ်ဆောင်ရာ လူ ၁၁ ဦး သေဆုံးထားသည်။ အဆိုပါဖြစ်စဉ်ပြီးနောက် ဗင်နီဇွဲလားလေယာဉ်နှစ်စင်းက အမေရိကန်စစ်ရေယာဉ်တစ်စင်းပေါ်မှ ဝဲပျံမှုများလုပ်ဆောင်သည်။

ယင်းနောက်တွင် ဗင်နီဇွဲလားလေယာဉ်များက အမေရိကန်စစ်သင်္ဘောများအတွက် အန္တရာယ်ရှိသည်ဟုသတ်မှတ်ပါက ပစ်ခတ်ပိုင်ခွင့်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောထားသည်။ **Ref: RT**

နီပေါ၌ဖြစ်ပွားသော ဆန္ဒပြမှုများတွင် ဆန္ဒပြသူ အနည်းဆုံး ၁၆ ဦး သေဆုံးဟုဆို

ခတ္တမန္ဒူ၊ ပြည်တွင်းရေး

နီပေါနိုင်ငံ၌ စက်တင်ဘာလ ၈ ရက်တွင်ဖြစ်ပွားသော ဆန္ဒပြမှုအတွင်း ဆန္ဒပြသူအနည်းဆုံး ၁၆ ဦးသေဆုံးကြောင်း သိရသည်။ နီပေါအစိုးရက နိုင်ငံအတွင်း လူမှုကွန်ရက်များအသုံးပြုမှုကို တားမြစ်ထားစဉ် လူငယ်အများစုကဆန္ဒပြမှုများကိုလုပ်ဆောင်ခြင်းဖြစ်သည်။

Facebook၊ YouTube နှင့် X (ယခင်တွစ်တာ) တို့အပါအဝင် လူမှုမီဒီယာအများအပြားကို နီပေါအစိုးရက စက်တင်ဘာလ ၅ ရက်တွင်တားမြစ်ပိတ်ဆို့လိုက်ခြင်းဖြစ်သည်။ နီပေါအစိုးရသည် မှတ်ပုံတင်ထားသည့် ပလက်ဖောင်း ၂၆ ခုကို တားမြစ်ပိတ်ဆို့ပြီးနောက် ယခုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်သည်။

ထို့နောက် ပြည်သူထောင်ပေါင်းများစွာသည် လမ်းမများပေါ်ထွက်၍ ဆန္ဒပြမှုများလုပ်ဆောင်ကြောင်း၊ ဆန္ဒပြသူများသည် လွတ်တော်အနီးရှိ တားမြစ်ဇရိယာသို့ကျူးကျော်ဝင်ရောက်ရန်ကြိုးပမ်းစဉ် ရဲတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ဆန်များ၊ မျက်ရည်ယိုဗုံးများ၊ ရေအမြောက်များ၊ လက်ကိုင်တုတ်များအသုံးပြု၍ ဆန္ဒပြမှုများကို နှိမ်နင်းခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။ ထို့နောက် အချို့ဒေသများတွင် ညမထွက်ရအမိန့်ထုတ်ပြန်ထားသည်ဟုသိရသည်။

Ref: BP

တရုတ်နိုင်ငံက အာဆီယံအဖွဲ့အတွက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ်ရှိနေဆဲဖြစ်ဟုဆို

ပေကျင်း၊ စီးပွားရေး

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ)အတွက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း ကုန်သွယ်ရေးတာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၈ ရက်တွင်ပြောသည်။

ယခုကဲ့သို့တရုတ်နိုင်ငံကအာဆီယံအဖွဲ့အတွက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ်ရပ်တည်နေသည်မှာ ၁၆ နှစ်ရှိလာပြီဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကဆက်ပြောသည်။

ယခုနှစ် ပထမခုနစ်လအတွင်းတရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့တို့ကြားကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၉၇ ဘီလီယံအထိရှိကြောင်း၊ ထိုပမာဏသည် ယမန်နှစ်ကထက် ၈ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၏စုစုပေါင်းပြည်ပကုန်သွယ်မှုပမာဏအနက် ၁၆ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးယန်ဒေါင်းကပြောထားခြင်းဖြစ်သည်။



ထို့ပြင် ယခုနှစ်၏ ဇူလိုင်လကုန်အထိတွက်ချက်မှုများအရ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့တို့ကြား အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၅၀ ကို ကျော်လွန်လာကြောင်း ယန်ဒေါင်းကဆက်ပြောသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများအတွက်ချုပ်ဆိုထားသည့် စာချုပ်တန်ဖိုးမှာ ဒေါ်လာဘီလီယံ ၄၈၀ ရှိကြောင်းသိရသည်။ **Ref: Xinhua**

OPEC+ က အောက်တိုဘာလတွင်လည်း ရေနံဆက်လက်တိုးမြှင့်ထုတ်လုပ်မည်



ဗီယင်နာ၊ ရေနံထုတ်လုပ်မှု

ရေနံတင်ပို့သည့်နိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများအဖွဲ့ (OPEC+) သည် အောက်တိုဘာလတွင်လည်း ရေနံကိုဆက်လက်တိုးမြှင့်ထုတ်လုပ်သွားရန် သဘောတူသည်ဟုသိရသည်။

အဆိုပါအဖွဲ့ဝင်နိုင်ငံများမှတာဝန်ရှိသူများက စက်တင်ဘာလ ၇ ရက်တွင် အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးပြုလုပ်စဉ် အောက်တိုဘာလအတွင်း တစ်ရက်လျှင် ရေနံပမာဏ စည်ပေါင်း ၁၃၇၀၀၀ ကိုတိုးမြှင့်ထုတ်လုပ်သွားရန် သဘောတူကြောင်း အစည်းအဝေးပြီးနောက် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိတွင် ကမ္ဘာ့စီးပွားရေးမျှော်မှန်းချက်ကတည်ငြိမ်ကာ ဈေးကွက်သတ်မှတ်သည့်အရာများမှာလည်း ကောင်းမွန်နေကြောင်း၊ ရေနံထုတ်လုပ်မှုသည် တစ်ရက်လျှင် ၁ ဒသမ ၆၅ သန်းအထိရှိလာမည်ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

တရားမအထူးအယူခံမှု (၆)မှုတို့ကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၂)မှုနှင့် တရားမအထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသည့် ဦးကြည်သိန်း၊ ဦးသောင်းနိုင်၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ ပါဝင်သည့်အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက် ချင်းတွင်းလမ်းရှိဇေယျာသီရိခရိုင် တရားရုံး ရုံးခန်းအမှတ် (၁)၌ပြည်ထောင်စု တရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၅(ရန်ကုန်)၊ ၁၇/၂၀၂၅ (မန္တလေး)၊ ၁၈/၂၀၂၅ (ပဲခူး)၊ ၁၉/၂၀၂၅ (မန္တလေး)၊ ၂၀/၂၀၂၅ (မွန်)၊ ၂၂/၂၀၂၅ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင်ရာဇဝတ်အထူးအယူခံမှု အမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၅/၂၀၂၅ (ပဲခူး) နှင့် တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၂၆/၂၀၂၅ (ရန်ကုန်)၊ ၂၇/၂၀၂၅ (ဧရာဝတီ)၊ ၂၉/၂၀၂၅ (စစ်ကိုင်း) နှင့် ၃၀/၂၀၂၅ (ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂)မှုနှင့် တရားမအထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်းသတင်းရရှိသည်။ **မြဝတီ**

ဧလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် မန္တလေးတက္ကသိုလ် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မန္တလေးတက္ကသိုလ်ပင်မဆောင်မူလပုံစံမပျက်ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး ဗိသုကာဆိုင်ရာ လုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော် ဒုတိယပါမောက္ခချုပ် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ကမန္တလေး တက္ကသိုလ် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာမြို့ပြနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(MDA)မှတာဝန်ရှိသူများက မန္တလေးတက္ကသိုလ်ပင်မဆောင်၏ ဗိသုကာပုံစံနှင့် လက်ရှိပျက်စီးမှုအခြေအနေ၊ မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မူလဗိသုကာလက်ရာများ မပျက်စီးရေး၊ အသုံးပြုမည့်ပစ္စည်းများအရည်အသွေးပြည့်မီစေရေး၊ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဧလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ်၌ Recreation Center Footing လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ Ground Floor Long Column ကျောက်လောင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ Short Column လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ Plinth Beam သံဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် Retaining Wall အုတ်စီခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက နှစ်အလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် အသုံးပြုမည့်ဆောက်လုပ်ရေးပစ္စည်းများ သတ်မှတ်အရည်အသွေးပြည့်မီရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

နိုင်ငံဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၂၄) သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၈

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၄) ၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုန်းတောခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၂၀၃ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်ကအမှာစကား ပြောကြားသည်။

အဆိုပါအရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၂၄) သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၉၈ ဦး၊ သင်တန်းသူ ၁၀၅ ဦး၊ စုစုပေါင်း ၂၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၈ ရက်မှဒီဇင်ဘာလ ၃ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ


မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၈


နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် မိုးပိုလာနိုင်သည်။

(မိုး/၈လ)

ချမ်းမြသာစည်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ



တရားခံသက်ဇော်လင်း(ခ)ထွယ်အောင်အား သိမ်းဆည်းရမိသည့် ကက်တမင်းများနှင့်အတူတွေ့ရစဉ်။



တရားခံ(၀မှဃာ) ထိန်လင်းမြတ်(ခ)ကိုထိန်၊ သူရကြည်၊ ကြည်ဘုန်းထက်၊ မမေမြတ်သင်းကြိုင်(ခ)ကိုကြိုင်၊ မအေးအေးမော်(ခ)မဝိုင်း၊ မျိုးမြင့်အောင်နှင့် ဖြိုးမင်းခန့်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၈

ချမ်းမြသာစည်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၆ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၄)ရပ်ကွက်၊ ၁၁၀ လမ်း x ၁၁၁ လမ်း၊ ၆၂ လမ်း၌ လမ်းလျှောက်လာသူ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄) ရပ်ကွက်နေ သက်ဇော်လင်း(ခ) ထွယ်အောင်(၂၈)နှစ်အား စစ်ဆေးရှာဖွေရာ ကက်တမင်း ၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀)ကို ဖမ်းဆီးရမိခဲ့သည်။


ထို့ပြင်ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သတင်းအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်းတွင် လမ်းလျှောက်လာသူ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ (၉၄) ရပ်ကွက်နေ ထိန်လင်းမြတ်(ခ)ကိုထိန် (၃၈)နှစ်ထံမှ အိုက်စ် (မက်သ်အဖက်တမင်း) ၁၁ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ကျပ်သိန်း ၂၇၅၀)ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီး၊ ဥက္ကာမြို့သစ်၊ (၃)ရပ်ကွက်နေ သူရကြည်(၃၉)နှစ်နှင့် မွန်ပြည်နယ်၊ မုဒုံမြို့၊ စက်သစ်ရပ်ကွက်နေ ကြည်ဘုန်းထက်(၂၅)နှစ်တို့အား ညနေ ၃ နာရီခွဲတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ဘီ(၃)လမ်း၌ TOYOTA HIACE မော်တော်ယာဉ်နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် သဃ်နိုးကျွန်းမြို့နယ်၊ စံပြရပ်ကွက်နေ မမေမြတ်သင်းကြိုင်(ခ) ကိုကြိုင် (၂၈)နှစ်အားလည်းကောင်း၊ ည ၇ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ (၈၂) ရပ်ကွက်နေ မအေးအေးမော်(ခ)မဝိုင်း(၄၉) နှစ်အားလည်းကောင်း၊ စက်တင်ဘာလ ၄ ရက်မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်နေ မျိုးမြင့်အောင်(၄၈)နှစ်အား (၈၂)ရပ်ကွက်တွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် လှည်းကူးမြို့နယ်၊ ရဲမွန်တပ်မြို့နေ ဖြိုးမင်းခန့် (၄၀)နှစ်အား လှည်းကူးမြို့နယ်၊ ဧီးပင်ဝဲရွာ၌လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

မြဝတီ

တရားမဝင်ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ





အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။



ယာဉ်လိုင်စင် ရှိ/မရှိ စိစစ်ဆဲ

နေပြည်တော် စက်တင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၈ ရက်နှင့် ၃၀ ရက်**တို့တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့်သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄၅)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်း-မင်းကွန်းကားလမ်းမအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းအရိုင်းတုံးများနှင့် ကျောက်စိမ်းဖြတ်စများ (၂၄၂ ဒသမ ၃၆)ကီလိုဂရမ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **စက်တင်ဘာလ ၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့၊ စေခမ်းရပ်ကွက်ရှိ ခြံဝင်းတစ်ခုနှင့် ဝမ်လုံရပ်ကွက်ရှိခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်ဘဉ၈၈၀၀၀) ကိုလည်းကောင်း၊ ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည့် ရွာငံခရိုင်၊ မြို့ကြီးအနီး၌ မော်တော်ယာဉ် (၇)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၀၀)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၅၈၄၃၄)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး၊ Diamond TC-003 Truck (၁)စီး၊ Dong Feng Tractor Head (၃)စီး၊ Howo Sino Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၄)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ်ဉဇ၉၈၈၈၀၀)ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(ရွှေပြည်သာ)၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၀၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၁၁၃၆၂၀၉)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Shwe Sin Lamin ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၄၀၅၄၅၅၀) ကိုလည်းကောင်း၊ **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၆၉၃၀၀၉၃)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၊ ၃၀ ရက်၊ စက်တင်ဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၈၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၅၃၂၀၀၉၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့်ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်မြဝတီ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် ''Htein Lin Aung'' Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဇရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ မကျီးပင်ကွင်းကျေးရွာနေ ထိန်လင်းအောင်အား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၈

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၃၁-၈-၂၀၂၅ ရက် ည ၈ နာရီမှ ၇-၉-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲခန်းမူနာစုစုပေါင်း ၆၁၀ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။** အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅·c	/	၃၄·c
ရန်ကုန်	၂၅·c	/	၃၂·c
မန္တလေး	၂၆·c	/	၃၆·c

(၈-၉-၂၀၂၅) ရက်နေ့ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၆၀,၀၀၀)**ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့





ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဟိုပုံး စက်တင်ဘာ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဟိုပုံးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းပေါင်း ၁၃ ကျောင်းမှ သံဃာတော် ၅၄၁ပါး တို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ် အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များက လှူဖွယ်ဝတ္ထု၊ ပစ္စည်းအစုစုတို့ကို စုပေါင်း လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စေတနာဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၈

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာဝန်ထမ်းအဖွဲ့အစည်းများမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သက်ကြီးပုဂ္ဂိုလ်များအတွက်အထောက်အပံ့ဖြစ်နိုင်စေရေးနှင့် ၎င်းတို့အား လေးစားတန်ဖိုးထားခြင်းအားဖြင့် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အဖြစ် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးများကို ၆ လစာ တစုတစည်းတည်း ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရပ်ရွာအတွင်း လူမှုရေးလိုအပ်ချက်များအပေါ် မူတည်ပြီး စေတနာကိုအရင်းခံ၍ တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နေကြသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြို ကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် နိုင်ငံတော်အနေဖြင့် ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ဂေဟာ၊ ရိပ်သာများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများ၊ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စေတနာဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာ ၁၁ ခု၊ အမျိုးသမီးဂေဟာ သုံးခုနှင့် ဘိုးဘွားရိပ်သာ သုံးခု စုစုပေါင်းဂေဟာ၊ ရိပ်သာ ၁၇ ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြို၊ကျောင်း ၆၀ တို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၂၉၇ ဒသမ ၈၆၇ သန်း၊ ယာယီနေရပ်စွန့်ခွာပြည်သူ ၁၀၀၃၆ ဦးအတွက် နိုင်ငံတော်ကထောက်ပံ့ငွေကျပ် ၆၆၂ ဒသမ ၁၆၀ သန်းနှင့် အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၄၇၅၉ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးငွေကျပ် ၂၈၄ ဒသမ ၄၀၀ သန်းကို နေပြည်တော်ကောင်စီဝင်များထံပေးအပ်ကြပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ ၄၇၅၉ ဦး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စောင့်ရှောက်ထားသူ ၂၇၀၄ ဦးနှင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၀၀၃၆ ဦး စုစုပေါင်း ၁၈၄၉၉ ဦးအတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၁၂၄၄ ဒသမ ၄၂၇ သန်း ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

စစ်တွေ၊ ကျောက်ဖြူနှင့် မာန်အောင်မြို့များ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ မဲပေးခြင်းဆောင်ရွက်

စစ်တွေ စက်တင်ဘာ ၈

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒေါက်တာကျော်ကိုလတ်က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားမှုနှင့် စစ်တွေမြို့ပေါ်ရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများမှဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းကို သက်ဆိုင်ရာမြို့နယ်ခန်းမများ၌ဆောင်ရွက်ကြပြီး တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်ကြသည်။

ထို့နောက် စစ်တွေမြို့ ခေါင်းလောင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တစုကိန္နာ၏ သက်တော် (၉၀) ပြည့် ဝိဇၨာတမင်္ဂလာအခမ်းအနားသို့တက်ရောက်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

တင်ထွန်း(ပြန်/ဆက်)





ဦးမြတ်ဦး
နိုင်ငံတော်၏ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လူမှုထူးချွန်ဆု(တတိယဆင့် + ဒုတိယဆင့် + ပထမဆင့်)(၃)ဆင့်ရသူ
ဘဘ ဦးမြတ်ဦး အသက်(၉၀)ပြည့်နှစ် ဂါရဝပြုခြင်း
အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ (ရန်ကုန်) နာယက
ဧရာဝတီတိုင်းဒေသကြီး တောင်သူလယ်သမားဖွံ့ဖြိုးရေးအသင်း နာယက
လပွတ္တာမြို့နယ် ဇီဝိတဒါနပါရမီကုသိုလ်ပြုအဖွဲ့ နာယက
လပွတ္တာမြို့နယ် လူမှုရေးအသင်း နာယက

ဘဘ ဦးမြတ်ဦး၏ စက်သုံးဆီ၊ ဒီဇယ်ဆီ ကူညီပေးသဖြင့် လယ်ယာစိုက်ပျိုးရေး/ကျေးရွာ မီးလင်းခြင်း/ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်း မီးလင်းခြင်း၊ ရေလမ်းခရီးသွားရေးအဆင်ပြေခြင်း၊
ဘဘ ဦးမြတ်ဦး အသက်(၉၀)ပြည့် ကျန်းမာ ချမ်းသာ သက်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

ဘီတွတ်ကျေးရွာ(လပွတ္တာမြို့နယ်)

ဦးတင်ဝင်း၊ ဦးဇော်မြင့်၊ ဦးမောင်၊ ဒေါ်ခင်ဖြူ
ဦးသန်းနိုင်၊ ဦးကျော်ကျော်၊ ဦးထွန်းမြင့်၊ ဒေါ်သင်းသင်းစိုး
ဦးဝင်းမြင့်၊ ဦးဌေးမြင့်၊ ဦးသန်းဦး၊ ဒေါ်စန်းဌေး
ဦးအုန်းသိန်း၊ ဦးမြင့်သန်း၊ ဦးတင်သန်း
ဦးတင်စိုး



ရန်ကုန်အထိုင်လက္ကား မြေဩဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကားဈေးနှုန်းအဖြစ် ၁-၉-၂၀၂၅ ရက်နေ့မှ ၃၀-၉-၂၀၂၅ရက်နေ့အထိရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယားမြေဩဇာ(အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၁၁၉,၉၀၀ ကျပ်
(ခ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၁၅၃,၀၀၀ ကျပ်
၅၀ ကီလိုတစ်အိတ်

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင်လက္ကားဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက်သယ်ယူပို့ဆောင်စရိတ်များအပေါ် တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီရောင်းချခြင်း မရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၁၀၀၃၂
(ခ) MFSPEA အသင်း ၀၉-၉၈၈၅၃၉၃၀

မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

ဖခင်အမည်မှန်
အထက ငွေဆောင် ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ မဖြန်းချိုနှင့် Grade-10 မှ မောင်ပြည့်ဖြိုးအောင်၏ဖခင် ဦးမြဝင်း၏အမည်မှန်မှာ ဦးမြကြီး ၁၄/ပသန(နိုင်) ၃၃၇၅၃ ဖြစ်ပါကြောင်း။
ဦးမြကြီး

ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဆူးတွင်းမြစ်ကလေးကျေးရွာနေ ဒေါ်နန့်ဝင်းလွဲလွဲဌေး(ဘ)ဦးမြဌေး ၁၄/ဝခမ(နိုင်)၁၆၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၁၃၅၁၁

ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဒေါ်ခင်ဖြူ၊ ဒေါသင်းသင်းစိုး၊ ဒေါ်စန်းဌေး

ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နေ မောင်ဟိန်းထက်ဦး၏မိခင် ဒေါ်ခေါင်နော(ခ)ဒေါ်ခေါ်နွဲ့(ခ)ဒေါ်နော်နော် ၁၃/မမတ(နိုင်)၀၃၀၀၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ခေါင်နော(ခ)ဒေါ်ခေါ်နွဲ့(ခ) ဒေါ်နော်နော်

တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်လွဲလွဲနိုင် မောင်၇/သနပ(နိုင်)၀၃၅၁၂၇၏ဖခင်အမည်မှာ ဦးငြိမ်းမောင်နှင့် ဦးညိမ်းမောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးငြိမ်းမောင်(ခ)ဦးညိမ်းမောင်

ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်တောကျဲကျေးရွာအုပ်စုသတင်ကျေးရွာနေ ဒေါ်အေးအေးမွန်(ဘ)ဦးချိုင်း ၆/လလန(နိုင်)၁၁၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၇၅၁၇၇၅

ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်နိုင်လာလမ်းနေ မောင်စောမင်းထွန်း(ဘ)ဦးမောင်သာလူ ၁၁/မတန(နိုင်)၀၁၉၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD815520)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၅၆၃၄၅၈

ပျောက်ဆုံးကြောင်း
ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကံဘဲ့လမ်းနေ သီရိမြင့်(ဘ)ဦးစိန်မြင့် ၁၂/ရကန(နိုင်)၀၆၄၉၄၉၉ ကိုင်ဆောင်သူ၏(OWIC Card No.MYG0013320) ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၃၃၉၉၁၁၂

ပျောက်ဆုံးကြောင်း
မိုးကုတ်မြို့၊ ရှောလီပိုင်းရပ်ကွက်၊ ကိစ္စကုတ်၊ တ/၂၂၇ နေ ပီသန်း(ဘ) ဦးရှစ်(ခ်)ကံသာ ၉/မကန(နိုင်)၁၄၇၈၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 627623)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၅၈၀၇၇၈

တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးမြို့၊ အမှတ်(၇)ရပ်ကွက်နေ အ.ထ.က (၇)တွင် ဒုတိယအလယ်တန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်နန်းခမ်း၇၏ဖခင် ဦးသာပုနှင့် ဦးသာကူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးသာပု(ခ)ဦးသာကူ

ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ကဇိုင်း)ကျောင်း၊ Grade-12 မှ မောင်ဖြိုးလင်းအောင်၏ဖခင် အမည်မှန်မှာ စောဝင်းအောင်သန်း ၁၀/ဘလန(နိုင်)၀၇၁၉၃၈ ဖြစ်ပါကြောင်း။
စောဝင်းအောင်သန်း

ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ဇုတ်သုတ်)ကျောင်း၊ Grade-12 မှ မချစ်ဖူးခင်နှင့် Grade-7 မှ မမေမြတ်မွန်တို့၏ ဖခင်အမည်မှန်မှာ ဦးထူးခေါင် ၁၀/ဘလန(နိုင်)၁၁၇၀၃၉ ဖြစ်ပါကြောင်း။
ဦးထူးခေါင်

မိခင်အမည်မှန်
ပုသိမ်မြို့နယ်၊ အ.ထ.က ကြက်ပေါင်း(၂၀၂၅-၂၆)ပညာသင်နှစ် Grade-12 တွင် ပညာသင်ကြား နေသော ကျောင်း၀င်အမှတ်(၀၇၄၆)မယ္ဘန်း ဝတီစံ၏မိခင်အမည်မှန်မှာ ဒေါ်အေးခိုင်ဦး ၁၄/ပသန(နိုင်)၂၆၅၄၁ ဖြစ်ပါကြောင်း။ ဒေါ်အေးခိုင်ဦး

ပျောက်ဆုံးကြောင်း
ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာနေ စောဆက်လော်လ(ဘ)ဦးစောလယ်ထူး ၇/ကကန(နိုင်)၁၂၂၀၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့နယ်၊ ဒဂုံ(၂)ရပ်ကွက်၊ ၂၂ လမ်းနေ ဦးဇော်ဝင်းထွန်း(ဘ)ဦးမောင်ဘ ၁၂/ဒဂုံ(နိုင်)၀၁၂၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 689198)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၂၃၉၆၆

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ်-9V/33927 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
က.ည.နာ ခရိုင်ရုံး(သထုံ)

တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်းမြို့နယ်၊ ထုံးတပို့ကျေးရွာမှ ဒေါ်စိုးစိုးမြင့် ၁၄/ဇလန(နိုင်)၀၈၇၃၂၆ ၏ဖခင် ဦးရှင်(ခ)ဦးမောင်ရှင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးရှင်(ခ)ဦးမောင်ရှင်

တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့၊ လွိုင်မွေရပ်၊ အခြေခံပညာအထက်တန်းကျောင်း၌ အကြီးတန်းစာရေးတာဝန်ထမ်းဆောင်နေသော ဦးလွန်းတောင် ၁၃/ကတန(နိုင်)၀၁၂၀၉၇၏ဖခင် ဦးTBဇလွန်းနှင့် ဦးဇလွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးTBဇလွန်း(ခ)ဦးဇလွန်း

ပျောက်ဆုံးကြောင်း
အေးအေးသန်း(ဘ)ဦးခင်မောင် ၁၂/ပဘတ(နိုင်)၀၀၅၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 136708)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၅၁၀၇၇၇

ပျောက်ဆုံးကြောင်း
စိုင်းမြတ်သူ(ဘ)ဦးသန်းထိုက် ၁၄/ရကန(နိုင်)၁၈၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 689198)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၇၃၉၄၆၈

အလိမ္မာစာမှာရှိ

တောင်ကိုရီးယားအသင်းနှင့်ခြေစမ်းပွဲတွင် ရှုံးနိမ့်သော်လည်း မိမိတို့အသင်း ကစားပုံပိုမိုကောင်းမွန်ခဲ့ကြောင်း အမေရိကန်အသင်းနည်းပြပိုချက်တီနိုပြောကြား



အမေရိကန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲကို ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့နှင့်အတူ ပူးတွဲ သုံးနိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထား ကြောင်း သိရသည်။ ***Ref; Fotmob***

နယူးယောက် စက်တင်ဘာ ၈

အမေရိကန်အသင်းနည်းပြ ပိုချက်တီနိုက တောင်ကိုရီးယားအသင်းနှင့် ခြေစမ်းပွဲတွင် ရှုံးနိမ့်သော်လည်း မိမိတို့အသင်း ကစားပုံပိုမိုကောင်းမွန်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်အသင်းသည် စက်တင်ဘာလ ၇ ရက်က ခြေစမ်းပွဲအဖြစ် တောင်ကိုရီးယားအသင်းနှင့် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ပွဲချိန် ၁၈ မိနစ်တွင် တောင်ကိုရီးယားအသင်းတိုက်စစ်မှူး ဆွန်ယောင်မင်နှင့် ပွဲချိန် ၄၃ မိနစ်တွင် လီခုံကျောင်တို့၏ပထမပိုင်းပွဲချိန်အတွင်း သွင်းယူခဲ့သည့် ဦးဆောင်ဂိုးများဖြင့် နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲတွင် အိမ်ရှင်အမေရိကန်အသင်းသည် တောင်ကိုရီးယားအသင်းကို ဖိအားပေးကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၁၈ မိနစ်တွင် လီကျေဆန်၏ ပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူးဆွန်ယောင်မင်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပွဲချိန် ၄၃ မိနစ်တွင် လီခုံကျောင်က ဒုတိယဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့ကာ ဒုတိယပိုင်းတွင် အမေရိကန်အသင်းအနေဖြင့် ထိရောက်သည့်ဂိုးကန်သွင်းမှုများ မပြုလုပ်နိုင်ခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ထို့ပြင် ယင်းပွဲတွင် တိုက်စစ်မှူးဆွန်ယောင်မင်သည် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး တစ်ဂိုးသွင်း၍ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သည်။

နည်းပြပိုချက်တီနိုက "ဒီပွဲမှာ ကျွန်တော်တို့အသင်း ကစားပုံပိုမိုကောင်းမွန်ခဲ့တယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ ကစားသမားတွေ အဆုံးသတ်မကောင်းမွန်ခဲ့ရင်တော့ ရလဒ်ကောင်းဖို့ ခက်ခဲတတ်ပါတယ်" ဟု ပြောသည်။

အာဆင်နယ်အသင်း၏ အဓိကခံစစ်ကစားသမားဆာလီဘာ ခြေချင်းဝတ်ဒဏ်ရာကြောင့် လေးပတ်ခန့်အနားယူရမည်

လန်ဒန် စက်တင်ဘာ ၈

အာဆင်နယ်အသင်း၏ အဓိကခံစစ်ကစားသမား ဆာလီဘာသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တလေးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ခံစစ်ကစားသမား ဆာလီဘာသည် လီဗာပူးအသင်းကို ၁ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်သည့် ပရီးမီးယားလိဂ်ပွဲစဉ်(၃)၌ ပထမပိုင်းပွဲချိန်ငါးမိနစ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကာ ၎င်းကို ယခုဘောလုံးရာသီမှ ပြောင်းရွှေ့လာခဲ့သည့် ခံစစ်ကစားသမားမော့စ်ကွဲရားနှင့် လူစားလဲခဲ့ရသည်။

ယခုအခါ ပြင်သစ်အသင်းနှင့် အာဆင်နယ်အသင်းကစားသမား ဆာလီဘာ၏ ခြေချင်းဝတ်ဒဏ်ရာမှာ ရက်သတ္တလေးပတ်ခန့်အနားယူရမည်ဖြစ်ပြီး ၎င်းသည် လက်ရှိတွင် ပြင်သစ်အသင်း၏ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များဖြစ်သည့် ယူကရိန်း၊ အိုက်စလန်အသင်းတို့နှင့်ပွဲစဉ်များကို လွဲချော်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် နော်တင်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အာဆင်နယ်အသင်း၏ပွဲစဉ်ကိုပါ လွဲချော်ရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာပွဲစဉ်များအပြီးတွင် အာဆင်နယ်အသင်းအနေဖြင့် နော်တင်ဟမ်အသင်းအပြင် စက်တင်ဘာလ ၁၆ ရက်တွင် စပိန်ကလပ် ဘီလ်ဘာအို အသင်းနှင့် ချန်ပီယံလိဂ်အဝေးကွင်းပွဲစဉ်အပါအဝင် မန်စီးတီးအသင်း၊ နယူးကာဆယ်အသင်းတို့နှင့် ပရီးမီးယားလိဂ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လက်ရှိတွင် အာဆင်နယ်အသင်း၌ ဒဏ်ရာရကစားသမားများအဖြစ် တိုက်စစ်မှူးဆာကာက တံကောက်ကြောဒဏ်ရာကြောင့်လည်းကောင်း၊ တိုက်စစ်မှူး ဟာဗတ်ဇ်က ဒူးဒဏ်ရာကြောင့်လည်းကောင်း အနားယူနေရသည့်အပြင် ယခုအခါ အဓိကခံစစ်ကစားသမားဆာလီဘာကပါ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် အဆိုပါပွဲကျပ်ကာလကို အာဆင်နယ်အသင်း ခက်ခဲစွာဖြတ်သန်းရဖွယ်ရှိကြောင်း သိရသည်။ ***Ref; Fotmob***

ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် အန်ဒိုရာအသင်းကို အနိုင်ရရှိသော်လည်း အင်္ဂလန်အသင်း၏ စွမ်းဆောင်ရည်ကို ပရိသတ်များဝေဖန်



လန်ဒန် စက်တင်ဘာ ၈

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်တွင် အန်ဒိုရာအသင်းကို အနိုင်ရရှိသော်လည်း အင်္ဂလန်အသင်း၏ စွမ်းဆောင်ရည်ကို ပရိသတ်များက ဝေဖန်ခဲ့ကြောင်း သိရသည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်(၅)အဖြစ် အိမ်ကွင်း၌ အန်ဒိုရာအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ပထမပိုင်း ပွဲချိန် ၂၅ မိနစ်တွင် အန်ဒိုရာအသင်းခံစစ်ကစားသမား ခရစ္စရှန်ဂါစီယာ၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် လည်းကောင်း၊ ဒုတိယပိုင်း ၆၇ မိနစ်တွင် ဒီကလန် ရိုက်စ်၏သွင်းဂိုးဖြင့်လည်းကောင်း ၂ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၁၇၄)သာရှိသည့် အန်ဒိုရာအသင်းကို နှစ်ဂိုးအသာဖြင့် အနိုင်ယူနိုင်ခဲ့သော်လည်း အင်္ဂလန်အသင်း၏ ခြေစွမ်းပိုင်းနှင့် ကစားသမားများ၏စွမ်းဆောင်ရည်အပေါ် ပရိသတ်များက ကျေနပ်အားရမှုမရှိဘဲ ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နည်းပြတူချယ်လ်ကလည်း အင်္ဂလန်အသင်း ကစားသမားများအနေဖြင့် ပွဲချိန်အတွင်း အာရုံစူးစိုက်မှုပျောက်ဆုံးနေကြောင်းနှင့် လာမည့် ဆားဘီးယားအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ရန် အသင့်ပြင်ဆင်ထားကြောင်းပြောသည်။

နည်းပြတူချယ်လ်က "အန်ဒိုရာအသင်းနဲ့ပွဲစဉ်မှာ ကျွန်တော်တို့အသင်း ဒီထက်ပိုပြီး ဂိုးသွင်းနိုင်ခဲ့သင့်ပါတယ်။ ပထမဂိုးရရှိခဲ့ပြီးနောက်မှာ ကစားသမားတွေ ဘောလုံးဆုံးရှုံးမှုအရမ်းများခဲ့ပြီး အာရုံစူးစိုက်မှုတွေ ပျောက်ဆုံးခဲ့ပါတယ်။ ဆားဘီးယားအသင်းနဲ့ပွဲစဉ်မှာ အနိုင်ရလဒ်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ဖို့ အသင်းကို ကျွန်တော် အကောင်းဆုံးပြင်ဆင်ထားပါတယ်" ဟုပြောသည်။

လက်ရှိတွင် အင်္ဂလန်အသင်းသည် ခြေစစ်ပွဲလေးပွဲ ယှဉ်ပြိုင်ကစားထားရာ လေးပွဲနိုင် ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမနေရာ၌ ရပ်တည်နေပြီး စက်တင်ဘာလ ၁၀ ရက်တွင် အုပ်စုပွဲစဉ်(၆)အဖြစ် ဆားဘီးယားအသင်း၏အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ ***Ref; Goal.com***

ဆော်ဒီကလပ်အသင်းများ၏ ကမ်းလှမ်းမှုကို မန်ယူအသင်းခေါင်းဆောင် ဖာနန်ဒက်စ် ပယ်ချ

မန်ချက်စတာ စက်တင်ဘာ ၈

မန်ယူအသင်းခေါင်းဆောင် ဖာနန်ဒက်စ်က ဆော်ဒီကလပ်အသင်းများ၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း သိရသည်။

ဆော်ဒီကလပ်အသင်းများဖြစ်သော အယ်ဟီလယ်၊ အယ်နာဆာနှင့် အယ်အိတီဟတ်အသင်းတို့သည် မန်ယူအသင်းခေါင်းဆောင် ဖာနန်ဒက်စ်ကို ခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့သော်လည်း ၎င်းကပယ်ချခဲ့ပြီး မန်ယူအသင်းတွင် အနည်းဆုံးတစ်ရာသီထပ်မံကစားရန် ဆုံးဖြတ်ခဲ့သည်။

အသက် ၃၀ အရွယ် ဖာနန်ဒက်စ်ကို ခေါ်ယူရန် ကြိုးပမ်းမှုတွင် အယ်ဟီလယ်အသင်းက အနီးစပ်ဆုံးဖြစ်ခဲ့ကာ ကစားသမား၏အေးဂျင့်ကိုယ်တိုင် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်ပြီး ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ အထက် ကမ်းလှမ်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဖာနန်ဒက်စ်က ပယ်ချခဲ့သည်။

ဖာနန်ဒက်စ်သည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး လက်ရှိအချိန်ထိ မန်ယူအသင်းနှင့်အတူ အဓိကကစားသမားအဖြစ် ဘောလုံးရာသီခုနစ်ရာသီကြာ ကစားလျက်ရှိကြောင်း သိရသည်။

Ref; Fabrizio Romano

မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းပြုလုပ်



ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းခရိုင် တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တာဝန်ကျဌာနဆိုင်ရာများ ပူးပေါင်း၍ တာမွေကြီး(ခ)ရပ်ကွက်အတွင်းရှိ မဲဆန္ဒရှင် ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် မဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းတွင် တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ တာမွေမဈာရုံ၌ ဆောင်ရွက်ကြောင်းသိရသည်။

ယင်းမဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးအောင်က ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးသော်ကအောင်က MEVM မဲပေးစက်ဆိုင်ရာအသိပညာမျှဝေဟောပြောခြင်းနှင့် MEVM နည်းပြဆရာ၊ ဆရာမများက မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မြို့နယ်အခြေခံပညာဦးစီးဌာနမှဆရာ၊ ဆရာမများက မဲဆန္ဒရှင်ပြည်သူများအား လက်တွေ့ဆန္ဒမဲပေးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါမဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့်ရပ်မိရပ်ဖများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀၀ ဝန်းကျင်ဖြင့် ဆောင်ရွက်ကြကြောင်းသိရသည်။

ဝန်းရံခ

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"NUG၊ PDF တို့အတွက် အမှားကိုဝန်ချတောင်းပန်ပြီး ဥပဒေဘောင်ဝင်ရောက်ရုံမှတစ်ပါး အခြားမရှိ"** ခေါင်းစဉ်ဖြင့် ၁၀-၉-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး အရပ်သားပြည်သူနဲ့ ခရီးသွားပြည်သူများ ကြောက်ရွံ့ထိတ်လန့်ထိခိုက်စေရန် KNU/PDF အကြမ်းဖက်သမားများက Drop Bomb ချ တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၈

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၁၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၁၆၃ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၉ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြဝတီ

ရွှေတောင်မြို့နယ်၌ ကျေးလက်ရေရှိရေးအတွက် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရွှေတောင် စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရည်ရွယ်၍ တွင်းနက်တူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့တွင် ထန်းကုန်းကျေးရွာအုပ်စု ဝါးတောသားကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးခင်ဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးလက်ရေရှိရေးအတွက် ဝါးတောသားကျေးရွာ၌ အနက် ပေ ၅၀၀၊ အကျယ် ၄ လက်မခွဲရှိတွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့်စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ရေပေးဝေရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါ တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုငွေကျပ် ၄၀၈ သိန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ကျော် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

ဟိုပုံးမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

ဟိုပုံး စက်တင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

အဆိုပါ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်များရရှိစေရန်၊ အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြား ဆက်နွယ်ချက်များကို သိရှိပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ချမ်းမြေ

◆ **ကျောဖုံးမှအဆက်**

စိုက်ပျိုးကြကာ စိုက်ပျိုးရာတွင် ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိစေမည့် နိုင်ငံခြားမျိုးများ၊ ပြည်တွင်းဝါခြံများမှ ထုတ်လုပ်သော ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ မျိုးတို့ကို တောင်သူများ စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဝါစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းတိုးစေရန် စိုက်ပျိုးရေးနည်းစနစ်များ၊ သီးနှံပိုးမွှားရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်၍ တောင်သူများကို အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **မူမူစန်း**

■ **ဖူဆယ်ပြိုင်ပွဲမှ**

အင်ဒိုနီးရှားအသင်းက နယူးဇီလန်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး သုံးမှတ်ရရှိသည့် နယူးဇီလန်အသင်းနှင့် အမှတ်မရသည့် ကမ္ဘောဒီးယားအသင်းတို့မှာမူ အဆင့် ၅/၈ နေရာလုပွဲ ထပ်မံကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာလ ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဒိန်းမတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-CAF

ထူးခြားသည့်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၈

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်တွင်ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း "တားဖ" (TAPAH) သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံ ကွမ်ရီးပြည်နယ် အရှေ့ပိုင်းသို့ ရောက်ရှိခဲ့ကာ အပူပိုင်းမုန်တိုင်း "တားဖ" အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါအပူပိုင်းမုန်တိုင်း "တားဖ" သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟုခန့်မှန်းရသည်။ **(မိုး/၈လ)**

ပညာဘဏ်တိုက်စာကြည့်တိုက်

ပျောက်ဆုံးကြောင်း

ဦးဥတ္တမ(ဘ)ဦးသန်းဆင့် ၇/ပခန(သ)၀၀၆၀၂၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(MA 656145)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ကဖိုင်း)ကျောင်း၊ Grade-12 မှ နေ၁ခရေမွေး၏ ဖခင်အမည်မှန်မှာ စောငွေလှဝင်း ၁၀/ဘလန(နိုင်)၀၆၂၃၃၉ ဖြစ်ပါကြောင်း။
စောငွေလှဝင်း

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ကဖိုင်း)ကျောင်း၊ Grade-12 (စနစ်သစ်)မှ မောင်ချစ်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဦး ၁၀/ဘလန(နိုင်) ၁၂၀၁၈၄ ဖြစ်ပါကြောင်း။
ဦးဝင်းဦး

အမည်ပြောင်း

အဘ ဦးဇော်မိုးအောင် ၁၀/ဘလန(နိုင်) ၀၆၃၈၅၇ ၏သား အ.ထ.က(တောင်စွန်း)ကျောင်း၊ (Grade-12)မှ မောင်ညီညီခန့်အား မောင်ဟိန်းမင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဟိန်းမင်းအောင်

အမည်ပြောင်း

အဘ ဦးသီဟဝင်းမောင် ၁၃/တကန(နိုင်) ၁၅၆၉၃၉၏သား အ.မ.က-၂(ဘီးလင်း)ကျောင်း၊ (Grade-5)မှ မောင်ကိုဇေ အား မောင်ကျော်ကျော်ဇေဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ကျော်ကျော်ဇေ

ပျောက်ဆုံးကြောင်း

မင်းဇော်ထွေး(ဘ)ဦးခင်မောင်သန်း ၅/ယမပ(နိုင်)၁၃၉၅၇၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၃၆၈၅၁

အမည်မှန်

အထက(၄)ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ ဒေါ်လေးချာလိုင်း ၄/မတန(နိုင်)၀၀၀၁၅ ၏သား မောင်ကီးမောင်းအောင်၏အမည်မှန်မှာ မောင်ကီးမောင်းအွမ်ဖြစ်ပါကြောင်း။
မောင်ကီးမောင်းအွမ်

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၇)ပုသိမ်မှ အထက်တန်းပြဆရာမ ဒေါ်ဇာနည်လွင် ၁၂/လမန(နိုင်)၁၂၉၈၀၉၏ ဖခင် ဦးမောင်ကူး(ခ)ဦးမောင်မောင်ကူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမောင်ကူး(ခ)ဦးမောင်မောင်ကူး

ပျောက်ဆုံးကြောင်း

မေဇင်ဦး(ဘ)ဦးတင်ဝင်း ၅/ယမပ(နိုင်) ၀၉၇၀၃၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MJ 103382)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၁၅၂၀၀

ပျောက်ဆုံးကြောင်း

လင်းကိုနိုင်(ဘ)ဦးကျော်သန်း ၁၄/ကလန(နိုင်)၁၈၆၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၀၆၈၀၀

ပျောက်ဆုံးကြောင်း

အေးမိမိအောင်(ဘ)ဦးသန်းအောင်၁၄/ပသန(နိုင်)၃၀၁၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၂၂၅၈၇၅

ပျောက်ဆုံးကြောင်း

မြသန္တာ(ဘ)ဦးချစ်အောင် ၁၀/မဒန(နိုင်) ၁၁၂၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၇၉၄၆၄၂

ပျောက်ဆုံးကြောင်း

နီလာဦး(ဘ)ဦးထွန်းထွန်း ၇/အဖန(နိုင်) ၁၀၁၄၇၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

အမွေစားအမွေခံမွေးစားခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းတုန်းအုပ်စု၊ ဆည်ကန်ရွာနေ အဘ(ဦးမောင်ဇော်)၊ အမိ ဒေါ်တင်မာစန်းတို့၏သမီး မသော်တာဇင်အား ရာသက်ပန်မွေးစားရန် အတွက် အမွေစားအမွေခံအဖြစ်အစ်မဖြစ်သူ ဦးစိုးမင်း ၉/ပမန(နိုင်)၂၂၅၂၂၃ နှင့် ဒေါ်ခင်သန်းသန်းတို့က ၆-၉-၂၀၂၅ ရက်တွင် ၎င်း၏မိခင်ဖြစ်သူ ဒေါ်တင်မာစန်းက အပြီးအပိုင် လွှဲပြောင်းပေးလိုက်ပါသည်။

ဦးစိုးမင်း-ဒေါ်ခင်သန်းသန်း

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.မ.က(၂)(တောင်ကြီး)ကျောင်း၊ Grade-5 မှ မရွှေယမင်းဦး၏ဖခင်အမည်မှန်မှာ ဦးထွေးအောင် ၁၀/ဘလန(နိုင်) ၁၉၂၆၂၅ ဖြစ်ပါကြောင်း။
ဦးထွေးအောင်

ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ကဖိုင်း)ကျောင်း၊ Grade-12 မှ မမိုင်ဇင်မော်၏ဖခင်အမည်မှန်မှာ ဦးခွေးဖြူ ၁၀/ဘလန(နိုင်)၀၉၆၄၇၇ ဖြစ်ပါကြောင်း။
ဦးခွေးဖြူ

မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် နေ မအေးဝင်းခိုင် ၇/ကဝက(နိုင်)၀၈၇၄၃၆ ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ (၁-၇-၁၉၈၅)ဖြစ်ပါကြောင်း။
(၁-၇-၁၉၈၅)

တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ ပုသိမ်မြို့နယ်၊ ပညာရေးမှူးရုံးမှ စာရေး(၃) နန့်နှင်းဝင်းသိန်း ၁၄/ကပန(နိုင်) ၁၁၆၆၉၁ ၏ဖခင်အမည်မှာ အက်စ်သိန်းလျှံ(ခ)ဦးအက်စ်သိန်းလျှံကြောင်း။ အက်စ်သိန်းလျှံ(ခ)ဦးအက်စ်သိန်းလျှံ

ပျောက်ဆုံးကြောင်း

ကြည်ကြည်ဦး(ဘ)ဦးမောင်ကြည် ၁၂/မဂဒ(နိုင်)၀၅၇၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၃၆၆၈၅

ပျောက်ဆုံးကြောင်း

ထွန်းသူ(ဘ)ဦးရွှေလေး ၁၂/ကမတ(နိုင်) ၀၀၀၉၉၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၇၀၄၆၄

ပျောက်ဆုံးကြောင်း

ကျော်ကျော်မြင့်မြတ်(ဘ)ဦးအေးကြည် ၁၂/ဥကမ(နိုင်)၁၇၀၈၃၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၆၂၂၀၆၂

ပျောက်ဆုံးကြောင်း

ဇော်လင်းနိုင်(ဘ)ဦးညွှန့်ခိုင် ၉/ပဇသ(နိုင်) ၀၁၀၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၈၅၅၇၀၂

ပျောက်ဆုံးကြောင်း

ယမင်းစိုး(ဘ)ဦးစိုးမြင့် ၇/ပမန(နိုင်) ၁၀၅၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၉၈၉၆၇

ပျောက်ဆုံးကြောင်း

သဲထိုက်ဇော်(ဘ)ဦးဇော်လတ် ၉/ရမသ(နိုင်)၂၂၆၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၅၀၈၈၀၀

ပျောက်ဆုံးကြောင်း

မောင်ဝင်းထိုက်(ဘ)ဦးသိန်းဖ ၁၂/လကန(နိုင်)၂၉၁၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုနစ်ထပ်ဆောင်သစ်၊ သွေးရောဂါဌာနရှိ ခြင်ဆီအစားထိုးဌာန (Bone marrow transplant center)တွင် ခြင်ဆီအစားထိုးလုနာများအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် ။ ။ ၁၂-၉-၂၀၂၅(သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် ။ ။ ၂၅-၉-၂၀၂၅ (ကြာသပတေးနေ့)
နေ့ရက်/အချိန် (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ပျောက်ဆုံးကြောင်း

မင်းဝိုးလတ်(ဘ)ဦးတိုးသန်းဆင့် ၁၂/ကမရ(နိုင်)၀၄၁၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

မိခင်အမည်မှန်

အထက(၂)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ မောင်သုတဇော်၏မိခင် ဒေါ်စန်းသီတာထွန်း၏အမည်မှန်မှာ ဒေါ်နန့်စမ်းသီတာထွန်း ၁၄/ငပတ(နိုင်)၀၀၂၈၁ ဖြစ်ပါကြောင်း။
ဒေါ်နန့်စမ်းသီတာထွန်း

ပျောက်ဆုံးကြောင်း

တင် မျိုးသွယ် (ဘ)ဦးမောင်ကြည် ၁၂/ရကန(နိုင်)၀၅၈၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၃၆၆၈၅

ပျောက်ဆုံးကြောင်း

စည်သူအောင်(ဘ)ဦးလှမျိုး ၁၂/ကမန(နိုင်) ၁၄၆၉၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၁၆၄၄၇

ပျောက်ဆုံးကြောင်း

အောင်ကျော်မြင့်(ဘ)ဦးတင်လှ ၁၂/မဂတ(နိုင်)၀၅၃၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၃၁၀၅၂

ပျောက်ဆုံးကြောင်း

မြတ်ကိုကို(ဘ)ဦးစိုးလှိုင် ၁၂/အလန(နိုင်) ၀၈၁၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၁၃၁၀၂

ပျောက်ဆုံးကြောင်း

နွေမ(ဘ)ဦးစိန်တင်ဝင်း ၈/ခမန(နိုင်)၂၂၇၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 22233)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဝင်းဝင်းမော်(ဘ)ဦးသောင်းကြည် ၇/ဒဥန(နိုင်)၂၃၀၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၃၆၆၈၅

ပျောက်ဆုံးကြောင်း

ဖြူဖြူနွဲ့(ဘ)ဦးစိုးဝင်း ၇/ရတရ(နိုင်) ၁၆၇၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 632280)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၀၅၁၀၅၅

ပျောက်ဆုံးကြောင်း

အေးအေးမြတ်(ဘ)ဦးဝင်းဇော် ၈/ကမန(နိုင်)၀၆၆၆၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၁၄၈၈၅

ပျောက်ဆုံးကြောင်း

မောင်မောင်သန်း(ဘ)ဦးစောလှဦး ၁၁/စတန(နိုင်)၀၃၁၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၆၀၆၁၆၀၉

ပျောက်ဆုံးကြောင်း

ခက်နုဝေ(ဘ)ဦးဆန်းလင်း ၈/စလန(နိုင်) ၂၃၀၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 221894)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း

သွယ်သွယ်အေး(ဘ)ဦးသိန်းထွဋ် ၈/စလန(နိုင်) ၂၄၈၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၃၆၆၈၅

ပျောက်ဆုံးကြောင်း

ခင်သန္တာထွန်း(ဘ)ဦးခင်မောင်ထွန်း ၉/တကန(နိုင်)၁၃၇၄၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း

ယုမာလွင်(ဘ)ဦးမောင်မောင်၇/ကတခ(နိုင်) ၁၉၇၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၇၈၁၇၆

ပျောက်ဆုံးကြောင်း

သူဇာဝင်း(ဘ)ဦးရဲဝင်း ၈/စလန(နိုင်) ၂၅၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၃၆၆၈၅

ဦးမျိုးဇော်ထက် အသက်(၄၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ အမှတ်(၉/က)နေ (ဦးမျိုးဝင်း)-ဒေါ်သန်း(ခ)ဒေါ်ခင်အေးသန်းတို့၏သား၊ ဦးမျိုးဇော်လတ်-ဒေါ်ခင်သန္တာအောဝ်၊ (ဦးမျိုးဇော်ထွဋ်)၏ညီ၊ ဦးမောင်မောင်ထွေး-ဒေါ်မျိုးယဉ်မင်းတို့၏မောဝ်၊ ဦးတိုနီအောင်ချမ်း-ဒေါ်မျိုးယုမင်းတို့၏မောဝ်၊ ဒေါ်နန်းခေမာဝင်း၏ခင်ပွန်း၊ မောဝ်ဝင်းထက်အောင်၏ဖခင် ဦးမျိုးဇော်ထက်သည် (၇-၉-၂၀၂၅)ရက်(တနင်္ဂနွေနေ့)နံနက် ၁:၀၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား (၁၁-၉-၂၀၂၅)ရက်နေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုဿာန် ခန်းမ(VIP)မှ ရေဝေးသုဿာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ကြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာအသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက်(၉:၃၀)နာရီတွင် စတင်ထွက်ခွာပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၃-၉-၂၀၂၅ ရက်(စနေနေ့)နံနက်(၇)နာရီမှ(၁၀)နာရီအထိ အထက်ပါနေအိမ်သို့ ရည်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ ကုန်းကျောင်းရွာ၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၅၄)နေ အဘ ဦးစိုင်းအောင်ဌေး အမိ ဒေါ်နန်းဝိုဟိန်းတို့၏သား မောင်စိုင်းဆိုင်ဟိန်း ၁၃/ကတန(နိုင်)၁၉၃၅၁၁ သည် မိဘ ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း နှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုင်းအောင်ဌေး+ဒေါ်နန်းဝိုဟိန်း

မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်၊ ၇၀ ယ/၃၅၂၇၂ ယာဉ်လက်ဝယ်ရှိသူ ဦးထွေးနိုင်စိုး ၁၀/ဘလန(နိုင်)၀၅၆၇၅၉ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ ခရိုင်ရုံး(သထုံ)

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ပျောက်ဆုံးကြောင်း

သော်ဇင်လတ်(ဘ)ဦးစိုးနိုင် ၇/ကတခ(နိုင်)၂၀၄၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၀၂၉၆၀၉

ပျောက်ဆုံးကြောင်း

စိုင်းဆိုင်ကျင်(ဘ)ဦးစိုင်းဆိုင် ၁၃/သဖန(နိုင်) ၀၂၄၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၄၃၄၂၆


ပျောက်ဆုံးကြောင်း

ဆန်ဂျိုက်ကူမာ(ဘ)ဦးရာဂျင်ဒါ ၇/ကတခ(နိုင်) ၂၄၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၅၃၇၇၆၄

ပျောက်ဆုံးကြောင်း

ဇင်မာထူး(ဘ)ဦးသိန်းထွေး ၈/စလန(နိုင်) ၂၄၇၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၃၆၆၈၅

SMART®
GENTLEMEN FASHION



Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin



FDA- စ၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com



ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါရို့။



အုတ်တွင်းသကြားစက်

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလိမိတက် ထုတ်ကုန်များ . . .

'၃ဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

❖ **မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ" (We are Myanmar) ဟူသောစိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ကြရန် သန္နိဋ္ဌာန်ချဆောင်ရွက်ကြရပါမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

နတ်မောက်မြို့နယ်၌ စိုက်ပျိုးထားသော မိုးချည်မျှင်ရှည်ဝါများ အောင်မြင်ဖြစ်ထွန်း

နတ်မောက် စက်တင်ဘာ ၈



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ချည်မျှင်ရှည်ဝါ ၃၀၄၇၈ ဧကလျာထားစိုက်ပျိုးရာ မိုးချည်မျှင်ရှည်ဝါ (ရွှေတောင်-၈)များအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

နတ်မောက်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ကျောက်တံခါးရေလှောင်တမံ၊ ပင်းကန်ရေလှောင်တမံနှင့် နတ်မောက်ရေလှောင်တမံတို့မှရေများကိုအမှီပြု၍ ဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မိုးဦးဝါနှင့် မိုးနှောင်းဝါများကို စိုက်ပျိုးကြသည်။

မိုးဦးဝါကို ဇွန်လမှစတင်စိုက်ပျိုးကြပြီး မိုးနှောင်းဝါကို တောင်သူများ နှမ်းရိတ်သိမ်းပြီးချိန်တွင် **စာမျက်နှာ ၂၉ ကော်လံ ၁** ◆

၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ - ၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(B)ခြေစစ်ပွဲစဉ်ကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၈

၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ - ၂၃ အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု(B)ခြေစစ်ပွဲစဉ်များကို စက်တင်ဘာလ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ကျင်းပလျက်ရှိရာ စက်တင်ဘာလ ၉ ရက်**(ယနေ့)** ညနေ ၄ နာရီတွင် မြန်မာ့လက်ရွေးစင် ယူ-၂၃ အမျိုးသားဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြဝတီ

ချမ်းမြသာစည်နှင့်ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

စာ - ၂၄ သို့

တရားမဝင် ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၅ သို့





တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် စက်တင်ဘာ ၈



တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲအုပ်စုနောက်ဆုံးနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာအသင်းနိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၄ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် ထွန်းအောင်ကျော်၊ ဝေဇင်ဦး၊ အောင်ဇင်ဦး၊ ဒုတိယပိုင်းတွင် နိုင်လင်းထွန်းကျော်တို့ကသွင်းယူခဲ့သည်၊ အုပ်စု(ခ)အခြားပွဲတွင် **စာမျက်နှာ ၂၉ ကော်လံ ၁** ■

